# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး၊ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီး အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ကာ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြမ်းစေတီပေါ်သို့ တက်ရောက်၍ စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး


*စာမျက်နှာ ၃ ကော်လံ ၁ ✻*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်၏ ကြွခိုင်မှုအား ကြည့်ရှုစစ်ဆေး ဖူးမြော်ကြည်ညိုစဉ်။




မြန်မာ့အလင်း

# မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရေး

ယခုဖေဖော်ဝါရီလတစ်လလုံး “သနပ်ခါးရက်သတ္တပတ်”၊ “သနပ်ခါးလ” လှုပ်ရှားမှုများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်မှု ဓလေ့ကို ယူနက်စကို၏ “ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်” (Representative List of The Intangible Cultural Heritage of Humanity) သို့ အမည်စာရင်းတင်သွင်းနိုင်ရန် အကြိုကြိုးပမ်း လှုပ်ရှားမှုပင်ဖြစ်သည်။

သနပ်ခါးသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း၏ သဘာဝပေါက်ပင်ဖြစ်ပြီး မြန်မာလူမျိုးတို့ အမြတ်တနိုးလိမ်းခြယ်ခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြည်တွင်းဘုရားဖူး ခရီးသည်အများအပြား လာရောက်ဖူးမြော်ကြသည့် ဘုရားစေတီပုထိုးများ၏ ပရိဝုဏ်များတွင် ရောမကျောက်ပျဉ်ကြီးများ ချထားပေးပြီး ဘုရားဖူးသူများလိမ်းခြယ်နိုင်ရန် သနပ်ခါးတုံးများ လှူဒါန်းထားသည်ကို ဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်သည့်အပြင် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်များအတွင်း ရိုးရာယဉ်ကျေးမှုသနပ်ခါးပွဲတော်များကိုပါ ကျင်းပကြရာ မြန်မာပြက္ခဒိန်လတိုင်းမပြတ် တစ်မြို့မြို့တွင် သနပ်ခါးပွဲတော်ရှိနေသည်ကိုလည်း တွေ့ရှိနိုင်သည်။ အရွယ်အစားစုံ သနပ်ခါးတုံးများ ခင်းကျင်းရောင်းချသည့်ဆိုင်များသည် မြန်မာအမျိုးသမီးတို့ စိတ်အဝင်စားဆုံး ဆိုင်များဖြစ်ပြီး အရည်အသွေး ကောင်းလျှင်ကောင်းသလို တန်ဖိုးပေးဝယ်ယူသုံးစွဲကြသည့် ဓလေ့မှာလည်း မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် စွဲမြဲနေသည့် ဓလေ့ပင်ဖြစ်သည်။

ရှေးကတည်းက ကျေးလက်ဒေသမှ အမျိုးသမီးကြီးငယ်များမှသည် နန်းတွင်းသူများ၊ တော်ဝင်မင်းသမီး၊ မိဖုရားများအထိ သနပ်ခါးကို လိမ်းခဲ့ကြရာတွင် အလှအပအတွက် ဖြီးလိမ်းခြယ်သခြင်းဖြစ်သလို အသားအရေ စိုပြည်ချောမွေ့စေရန်၊ မှက်ခြင်နှင့် နေလောင်ဒဏ်ခံနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် လိမ်းခဲ့ကြခြင်းဖြစ်သည်။ သနပ်ခါးလိမ်းထားသူ တစ်ဦးအဖို့ သနပ်ခါး၏ရနံ့ကြောင့် ကိုယ်တိုင်ကျေနပ်နှစ်သိမ့်မှုကို ခံစားရသလို မြင်တွေ့ရသူများအနေဖြင့်လည်း ယဉ်ကျေးသိမ်မွေ့မှုကို ခံစားကြရလေ့ရှိသည်။ သို့ဖြစ်ရာ သနပ်ခါးလိမ်းကျံမှုနှင့် စပ်လျဉ်းသည့် ကဗျာ၊ လင်္ကာ၊ တေးချင်းအဖွဲ့အနွဲ့များစွာတို့ကို လွန်ခဲ့ပြီးသည့် ရှေးခေတ်နှစ်ပေါင်းများစွာမှသည် မျက်မှောက်ကာလတိုင်အောင် ရေးဖွဲ့သီဆိုနေကြခြင်းပင်ဖြစ်သည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် ၂၀၂၀ ပြည့်နှစ်အတွင်းက ယူနက်စကိုသို့ တင်ပြခဲ့ရာ အချက်အလက်အချို့ လိုအပ်နေကြောင်း ပြန်လည်အကြောင်းကြားလာခြင်းကြောင့် အချက်အလက်များ ပြည့်စုံစွာ ပြန်လည်ရေးသားကာ လာမည့်မတ်လ ၃၁ ရက်နေ့မတိုင်မီ ပြန်လည်တင်ပြသွားမည်ဟု သိရသည်။ လက်ရှိအချိန်တွင် မြန်မာ့ယဉ်ကျေးမှုနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် တရားဝင်အသိအမှတ်ပြုထားပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် စာရင်းကောက်ယူမှတ်တမ်း ပြုစုထားသည့် အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဝင် ဒြပ်မဲ့ယဉ်ကျေးမှုပေါင်း ၂၀၀၀ ကျော်ရှိနေသည်။ စာရင်းကောက်ယူမှတ်တမ်းပြုစုသည့် လုပ်ငန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်မှသာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တင်သွင်းနိုင်မည်ဖြစ်သည်ဟု သိရသည်။

နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်မပျက်ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတို့၏တာဝန်ဖြစ်သည်။ ယခုအခါ နှစ်စဉ်တပို့တွဲလပြည့်နေ့ကို “မြန်မာ့သနပ်ခါးနေ့” အဖြစ်သတ်မှတ်ထားရာ အထိမ်းအမှတ် လှုပ်ရှားမှုများဖြင့် ကမ္ဘာကသိလာစေရန်အထိ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခုလာမည့် မတ်လ ၃၁ ရက် မတိုင်မီ “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” (Practice of Thanakha Culture in Myanmar) ကို ယူနက်စကိုသို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း အောင်အောင်မြင်မြင် တင်သွင်းနိုင်ရေးအတွက် မြန်မာအားလုံး စိတ်ရောကိုယ်ပါဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြခန်းတာဝန်ခံများနှင့် ပြည်နယ် / တိုင်းဒေသကြီး အေဂျင်စီများ အချင်းချင်းတွေ့ဆုံ၍ မိမိတို့၏ ထုတ်ကုန်များကို နေရာအနှံ့ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့် ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ပိုမိုလေ့လာ မှတ်သားနိုင်ရန်နှင့် မိမိတို့လိုအပ်သော ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန် အတွက်လည်းကောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက်လေ့လာဝယ်ယူအားပေးနိုင်ရေး ရှေးရှု၍ လည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ ထပ်မံတိုးမြှင့် ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့်အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သီတင်းသုံးနေထိုင်တော်မူကြသည့် သံဃာတော်များ၊ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးသိန်းဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်၊ ဓမ္မာစရိယပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**၁၅ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၂၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ဖေဖော်ဝါရီ ၁၆ ရက်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမှ္ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမှ္ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

***ရွှေဖုံးမှ***

စိန်ဖူးတော်မြတ်၏ ကြံ့ခိုင်မှုအား ကြည့်ရှုစစ်ဆေး ဖူးမြော်ကြည်ညိုပြီး စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားများနှင့် သာသနာရေးဆိုင်ရာ ပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြိမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများအား ကြည့်ရှုပြီး မြို့သာယာလှပရေးနှင့် အဆင့်မြှင့်တင်နိုင်ရေး ဆက်လက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**ကပ်လှူပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ငှက်မြတ်နားတော်မြတ်၏ ကြံ့ခိုင်မှုများနှင့် ယခင်အလှူရှင်များ၏ လှူဒါန်းမှုများအား ကြည်ညိုသဒ္ဓါတရားပွားများ ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် နှစ်ချပ်အား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် နှစ်ချပ်အား ကပ်လှူပူဇော်စဉ်။

ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

**ရှင်းလင်းတင်ပြ**


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့မှုနှင့် ယခု ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှု အခြေအနေများကို တင်ပြရာ၌ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate)အနေဖြင့် စုစုပေါင်း ၁၂၀၀ ချပ် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ ၁၀၆၀ ချပ် ဖြစ်သဖြင့် ကပ်လှူရန်ကျန် ၁၄၀ ချပ် လိုအပ်လျက်ရှိမှု၊ တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) အနေဖြင့် စုစုပေါင်း ၁၀၀၀၀ ချပ် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ ၇၅၀၀ ချပ် ဖြစ်သဖြင့် ကပ်လှူရန်ကျန် ၂၅၀၀ ချပ် လိုအပ်လျက်ရှိမှု၊ စေတနာရှင် အလှူရှင်များအနေဖြင့်


*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး ငြမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများအား ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

**လှည့်လည်ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံနှင့် ရန်ကုန်မြို့တို့၏ အထင်ကရစေတီတော်မြတ်ကြီးဖြစ်ပြီး ခေတ်အဆက်ဆက် မင်းများ၊ အစိုးရများနှင့် စေတနာရှင် ပြည်သူများက အစဉ်အဆက် ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ငှက်ပျောဖူးတော်ကို ရွှေပြားသင်္ကန်းဖြင့် စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင် ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့ကြောင်း၊ ထို့နောက် ၁၉၄၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သုံးနှစ်လျှင် တစ်ကြိမ်၊ လေးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြကြောင်း၊ ယင်းနောက် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လေးနှစ်လျှင် တစ်ကြိမ်၊ ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြပြီး ယင်းကာလအတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ် အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည့် ရွှေပြားများကိုလည်း လဲလှယ်ကပ်လှူ ပူဇော်ခဲ့ကြကြောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ (နှစ်ပေါင်း ၄၀ ခန့် ကာလအတွင်း) လေးနှစ်လျှင် တစ်ကြိမ်၊ ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြရာ ယခု ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် ၉ ကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ငြမ်းစေတီကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်နေ့မှစ၍ မင်္ဂလာရထားပျံဖြင့် ရွှေပြားသင်္ကန်းတော်များကို စတင်ကပ်လှူ ပူဇော်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းများကို ယခုနှစ် မတ်လတတိယပတ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate) ၁၄၀ ချပ်နှင့် တစ်ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) ၂၅၀၀ ချပ်တို့ ကပ်လှူရန် ကျန်ရှိနေကြောင်း သိရှိရပြီး စေတနာရှင် အလှူရှင်များအနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီး ပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**“စေတနာရှင် အလှူရှင်များအနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီး ပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်”**

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

❒ *ကျောဖုံးမှ*

ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများနှင့် အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်သည်။ ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ငြိမ်းချမ်းဝေစည် တို့မြန်ပြည်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ" Video Clip ကို ပြသသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Entertainment Channel ရုပ်သံလိုင်းအသစ်၊ MRTV DVB-T2 စနစ်ဖြင့် ရန်ကုန်၊ နေပြည်တော် (ပျဉ်းမနား)နှင့် စစ်ကိုင်း (မန္တလေး) တို့တွင် High Definition (HD) အရည်အသွေးဖြင့် ရုပ်သံလိုင်း ၁၂ လိုင်းထုတ်လွှင့်နေမှုမှ တစ်လိုင်း ထပ်မံတိုးချဲ့၍ Mahar HD ရုပ်သံလိုင်းအသစ် ထုတ်လွှင့်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရေဒီယိုထုတ်လွှင့်မှုကို MRTV Radio Application ဖြင့် Online လွှင့်တင်မှုတို့အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အစ "ရန်ကုန် ရေဒီယို (Rangoon Radio)" ကဟု ခေါ်တွင်ခဲ့ရာက "ဗမာ့အသံ(Burma Broadcasting Service – BBS)"ဟု အမည်ပြောင်းခဲ့သည့် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း။

နေပြည်တော် ကောင်စီနယ်မြေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယက စတင်ပြီး ကျင်းပခဲ့ရာ ယခုအခါ (၁၈) ကြိမ်မြောက် ကျင်းပနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုလို အခမ်းအနားကို တက်ရောက်အမှာစကား ပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

**မော်ကွန်းမှတ်တိုင်တစ်ခုစိုက်ထူ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မိမိတို့နိုင်ငံတွင် ကာလရှည်ကြာ အစဉ်အလာနှင့် ရပ်တည်ခဲ့သည့် နိုင်ငံပိုင်မီဒီယာဌာနကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သလို ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ (၇၉) နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်း မှတ်တိုင်တစ်ခုကို မားမားမတ်မတ်နှင့် ဝင့်ဝင့်ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်သည်ဟု အသိအမှတ်ပြုပြောကြားလိုကြောင်း။

❖ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မိမိတို့နိုင်ငံတွင် ကာလရှည်ကြာ အစဉ်အလာနှင့် ရပ်တည်ခဲ့သည့် နိုင်ငံပိုင်မီဒီယာဌာနကြီးတစ်ခုဖြစ်၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သလို ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲလိုက်ပါ ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်းတွေ့ရ၊ ထို့ကြောင့် ယခုကဲ့သို့ (၇၉) နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင် တစ်ခုကို မားမားမတ်မတ်နှင့် ဝင့်ဝင့်ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်**

MRTV ၏ နှစ်ပတ်လည်နေ့ အခမ်းအနားနေ့များတွင် ပြုပြင်ပြောင်းလဲ ဆန်းသစ်မှုများကို တစ်နှစ်ထက်တစ်နှစ်၊ တစ်ခုပြီးတစ်ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူကို ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ အသိပညာပေးခြင်းများ ပိုမိုဆောင်ရွက်ပေးနိုင်သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်နေရကြောင်း။

**အားပေးချီးမြှောက်**

(၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နေပြည်တော်၌ လေ့လာဖွယ်ရာနေရာအသစ်တစ်ခုဖြစ်လာသည့် တစ်မူထူးခြားသော "MRTV စိန်ရတုပြတိုက်ကြီး" ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတကာ ရုပ်သံဌာနကြီးများ၏ သတင်းသီးသန့် ရုပ်သံလိုင်းများလို "MRTV News Channel" အသစ်တစ်ခုနှင့် တစ်နိုင်ငံလုံး လွှမ်းခြုံထုတ်လွှင့်နိုင်သည့် ဒစ်ဂျစ်တယ် စနစ်တစ်ခုဖြစ်သော Direct To Home – DTH စနစ်နှင့် ထုတ်လွှင့်ပြသနိုင်ရန် "MRTV – DTH" ကို ဖွင့်လှစ်ပေးခဲ့သည်အထိ အားပေးချီးမြှောက် ဂုဏ်ပြုခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံ့အကြီးအကဲအနေဖြင့် နိုင်ငံပိုင်မီဒီယာအပေါ်တွင် မည်မျှအထိ အလေးထား အားထားကြောင်းကို ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။

အလားတူ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင်လည်း MRTV News Channel ကို အရန်စတူဒီယိုမှတစ်ဆင့် ထုတ်လွှင့်နေရာမှ "MRTV News Channel Studio" အသစ်တစ်ခုကို သီးသန့်အသုံးပြု ထုတ်လွှင့်နိုင်ရန် ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာန အနေဖြင့်(၇၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင်လည်း အာဆီယံနိုင်ငံများက "Analogue Switch Off – ASO" ဟုခေါ်သည့် Analogue စနစ်နှင့် ရုပ်သံထုတ်လွှင့်မှုရပ်ဆိုင်းပြီး Digital စနစ်နှင့် ထုတ်လွှင့်ရန် သဘောတူညီထားကြသည့်အတိုင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့အတွက် ထပ်ဆင့်လွှင့်စက်ရုံ သုံးရုံမှ ထုတ်လွှင့်မှုကို စတင်ရပ်ဆိုင်းနိုင်ရန် Pilot Project အဖြစ် ကြေညာလုပ်ဆောင်ခဲ့သည်ကိုတွေ့ရကြောင်း၊ တစ်ဆက်တည်းမှာပင် အဆိုပါ မြို့ကြီး သုံးမြို့တွင် မူလက Digital Video Broadcasting Terrestrial – 2 (DVB-T2)စနစ်ဖြင့် ထုတ်လွှင့်နေသည့် ရုပ်သံ ၁၈ လိုင်းတွင် High Definition (HD)Quality နှင့် ရုပ်သံလိုင်း နှစ်လိုင်းသာထုတ်လွှင့်နိုင်ခဲ့ရာမှ HD နှင့် ၁၁ လိုင်းအထိ အဆင့်မြှင့်တင်ပြီး တိုးချဲ့ထုတ်လွှင့်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ထို့အပြင် Direct To Home(DTH) စနစ်ဖြင့် ရုပ်သံလိုင်း ခုနစ်လိုင်းသာ ထုတ်လွှင့်နေရာမှ ရုပ်သံလိုင်း ၁၉ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်ကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း။

ယနေ့ (၇၉) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် MRTV ၏ DVB-T2 စနစ်နှင့် ထုတ်လွှင့်မှုတွင် မူလက ၁၈ လိုင်းနှင့် ထုတ်လွှင့်ခဲ့ရာကနေ တစ်လိုင်း ထပ်မံတိုးချဲ့ပြီး "MRTV Entertainment Channel (me)" အသစ် တစ်လိုင်းကို HD အရည်အသွေးနှင့် ထုတ်လွှင့်နိုင်ရန် ယနေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့တွင် (Standard Definition–SD) အရည်အသွေးနှင့်ထုတ်လွှင့်နေရာက အရည်အသွေးမြင့် (High Definition – HD) ရုပ်သံလိုင်း သုံးလိုင်းအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး ၎င်းအနက် တစ်လိုင်းကို မဟာရုပ်သံအတွက် ခွင့်ပြုပေးကာ ယနေ့တွင်ပင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

MRTV ၏ Broadcast Media များဖြစ်သည့် TV နှင့် Radio တို့မှ ထုတ်လွှင့်ခဲ့ရာက ခေတ်နှင့်အညီ လူတိုင်းလက်လှမ်းမီစွာ အရှိန်အဟုန်နှင့် အသုံးပြုလာကြသည့် Mobile Phone များပေါ်တွင် "MRTV Application"နှင့် ကြည့်ရှုနိုင်ရန် စတင်ထုတ်လွှင့်ပေးခဲ့ရာ ယခုအခါ ရေဒီယိုကဏ္ဍကို သီးခြားခွဲထုတ်ပြီး "MRTV Radio Application" ကိုလည်း တစ်ဆက်တည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

**အသိအမှတ်ပြုပြောကြား**

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် MRTV က ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆန်းသစ်တီထွင်လိုစိတ်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းထမ်းဆောင်နိုင်ကြသဖြင့် ထွက်ပေါ်လာသည့် အောင်မြင်မှုရလဒ်များဖြစ်ကြောင်း အသိအမှတ်ပြု ပြောကြားလိုကြောင်း။

ယခုအခါတွင် MRTV သည် ပြန်ကြားရေး ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သော၊ ဆန်းသစ်ခေတ်မီသော နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ မူလရည်မှန်းချက် (၃) ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန် တာဝန်များကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် New Media ဖြစ်သည့် Online Media များကနေ ထုတ်လွှင့်တင်ဆက်

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၅ မှ*

ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီး၊ အခမ်းအနား ကြီးများတွင်လည်း ကဏ္ဍစုံကနေ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေ သည်ကို ဂုဏ်ယူဖွယ်တွေ့ရ ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို စွန့်စွန့်စားစားထမ်းဆောင် နေကြသည့် "တပ်မတော်သား" များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွား ရောက်ဖျော်ဖြေပြီး စိတ်ဓာတ် ခွန်အား မြှင့်တင်ပေးခြင်း၊ နိုင်ငံ့ ဝန်ထမ်း တက္ကသိုလ်တွင် တက်ရောက်နေကြသည့် "နိုင်ငံ့ ဝန်ထမ်း" များ အပန်းပြေစေရန် ဖျော်ဖြေ တင်ဆက်ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုး အားထားပြုရမည့် "လူရည်ချွန်" များ ပျော်ရွှင်လန်းဆန်းတက်ကြွ စေရန် အပန်းဖြေစခန်းများအထိ သွားရောက် ဖျော်ဖြေပေးခြင်း စသည့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် တိုးမြှင့် ဆောင်ရွက်ပေးသည်ကို တွေ့မြင်နေရသည့်အပြင် MRTV အနေဖြင့် တိုင်းရင်းသားဘာသာ စကား ၁၈ မျိုး အပါအဝင် စုစုပေါင်းဘာသာစကား ၂၀ မျိုး ဖြင့် ထုတ်လွှင့်နိုင်ခြင်းသည်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

**စုပေါင်းနေထိုင်ခဲ့**

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ မျက်မှောက်အခြေအနေနှင့် မိမိတို့ မြန်မာနိုင်ငံ၏ ပကတိအခြေအနေ များအရ တိုင်းရင်းသားအားလုံး ချစ်ကြည်စွာ စည်းလုံးညီညွတ် ရေး၊ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲစေရန်၊ အမျိုးသား စည်းလုံးညီညွတ်မှု မပြိုကွဲစေရေး တို့အတွက် ပြန်ကြားရေးဝန်ကြီး ဌာန၏ဦးဆောင်မှုနှင့် မီဒီယာပိုင်း က ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေး ရန် အရေးကြီးသည်ကို မှာကြားလို ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာ ကျော်သည် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြသည့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ပေါင်း ထောင်ချီပြီး စုပေါင်းနေထိုင်ခဲ့ကြ သည်ကို အားလုံးသိရှိကြပြီးဖြစ် ကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

သမိုင်းကြောင်း အစဉ်အလာ အရ ပြည်နယ်နှင့်တိုင်းဒေသကြီး များ စုပေါင်းတည်ဆောက်ထား သည့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်ကြီး ပြိုကွဲပျက်စီးမည့် အခြေအနေအမျိုးမျိုး ကြုံတွေ့ခဲ့ ရချိန်တိုင်းတွင် တပ်မတော်နှင့် အတူ နိုင်ငံနှင့်ပြည်သူကို ချစ်မြတ် နိုးကြသည့် မြန်မာနိုင်ငံသား အားလုံးက (We are Myanmar) ဆိုသည့် မြန်မာစိတ်၊ တစ်သွေး တစ်သားတည်းစိတ်၊ စုစည်း ညီညွတ်သည့်စိတ်၊ စည်းလုံး ညီညွတ်သည့်စိတ်၊ စိတ်ဝမ်း မကွဲပြားသော စိတ်ဓာတ်အားမာန် များနှင့် စုပေါင်းပြီး ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြ သည်ကို တွေ့မြင်ကြရမည်ဖြစ် ကြောင်း။

ထိုသို့ သမိုင်းအစဉ်အလာ ကောင်းသည့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို မပျက်ယွင်းစေ ဘဲ သမိုင်းပေးတာဝန်ကို ကျေပွန် အောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီး၏ အနာဂတ်သမိုင်း ကြောင်း ကောင်းအောင်၊ အခြား နိုင်ငံများနည်းတူ တန်းတူဖွံ့ဖြိုး တိုးတက်လာအောင်၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲအောင် စည်းလုံးညီညွတ်သည့် အမျိုးသား ရေးစိတ်ဓာတ်နှင့် အတူတကွ လက်တွဲ အကောင်အထည်ဖော် ကြရန် လိုကြောင်း။

အမိနိုင်ငံတော်ကြီး တည်ငြိမ် အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေ ရန်မှာ နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန် ဖြစ်သကဲ့သို့ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံးက ညီရင်း အစ်ကို မောင်ရင်းနှမသဖွယ် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လိုကြသည့် ဆန္ဒအမှန် လည်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ရိုက်ကူးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစဉ်။

**ပြည်သူ့အတွက်ကြိုးပမ်း**

သို့သော် ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများအတွင်း အချင်းချင်း သံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ် လာအောင် သွေးခွဲရန်တိုက်မှု များ၊ မြှောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပက စွက်ဖက်မှု မျိုးစုံနှင့် ပြုလုပ်နေကြသည်မှာ အထူးသဖြင့် ပြည်ဖျက်မီဒီယာ များက သတင်းတုသတင်းမှားများ နှင့် ကောလာဟလများကို မဟုတ် မမှန် ထုတ်ဖော်ပြသခြင်း၊ သတင်းမှားများ တင်ဆက်ခြင်း များကလည်း မိမိတို့နိုင်ငံအတွက် အလွန် အင်မတန်မှ ကြီးမားသည့် အန္တရာယ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား အပါ အဝင် ဝန်ကြီးဌာနအောက်ရှိ ဌာန အသီးသီးအနေဖြင့် နိုင်ငံတော် မီဒီယာဖြစ်သည်နှင့်အညီ ပြည် ထောင်စုကြီး မပြိုကွဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲအောင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် ဆက်လက် ကြိုးပမ်းအကောင်အထည်ဖော် ပေးကြရန် အထူးမှာကြားလို ကြောင်း။

MRTV အနေဖြင့် နိုင်ငံတော် နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ် အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများက သူ့ခေတ် သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ ကြသည်ကို အသိအမှတ်ပြု ပြောကြားလိုကြောင်း၊ ဆက်လက် ၍လည်း MRTV ၏ မျိုးဆက်သစ် ဝန်ထမ်းများကလည်း ပြည် ထောင်စု မြန်မာနိုင်ငံတော်ကြီး အလျှင်အမြန် ငြိမ်းချမ်းသာယာ ပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရှည် တည်တံ့ခိုင်မြဲစေရန်၊ သမိုင်းပေး တာဝန်များကို ကျေပွန်အောင် ဆက်လက် ထမ်းဆောင်ကြရန် ထပ်ဆင့်မှာကြားလိုကြောင်း။

ရုပ်မြင်သံကြားထုတ်လွှင့်ရာ တွင် Professional ဖြစ်ရန်နှင့် မိမိ တို့ ထုတ်လွှင့်လိုက်သည့် အစီ အစဉ်များသည် လူအများ စိတ်ဝင် စားပြီး လူကြီးလူငယ်၊ လူရွယ် လူလတ်အားလုံး လွယ်လွယ်ကူကူ သိရှိနားလည်မှတ်သားစေနိုင်မည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာက သတင်း ထုတ်လွှင့်မှုများကို လေ့လာပြီး မိမိတို့၏ အားနည်းချက်များကို အားသာချက်များအဖြစ် တိုးတက် အောင် ဆက်လက်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

**လေ့လာဆည်းပူး**

ယနေ့ကာလသည် နည်း ပညာခေတ်ဖြစ်ပြီး AI ခေတ်ကို ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ MRTV သည် နည်းပညာအခြေခံ ဖြင့် လုပ်ဆောင်နေရသည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် နည်းပညာ နှင့်အတတ်ပညာများကို ခေတ် နှင့်အညီ လိုက်ပါဆောင်ရွက် ကြရန်လိုကြောင်း၊ ထို့အပြင် ရုပ်မြင်သံကြား ထုတ်လွှင့်ရေး လုပ်ငန်းများကို အတွေ့အကြုံ ကောင်းကောင်း၊ အသိအမြင် ကျယ်ကျယ်နှင့် ဆောင်ရွက်သွား ကြရန်လည်း လိုအပ်သည့်အတွက် လေ့လာ ဆည်းပူးခြင်းနှင့် ဖတ်မှတ်လေ့လာမှုများကို အလေ့ အကျင့်ဖြစ်အောင် ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အသံနေအသံထားနှင့် အသံထွက်၊ အဖြတ်အတောက်များ မှန်ကန်ရန် နှင့် ရုပ်ရည်အနေအထားကလည်း တည်တည်ကြည်ကြည်၊ ပျော့ပျော့ ပျောင်းပျောင်း၊ နားထောင်ကြည့်ရှု နေသူများကို ဆွဲဆောင်မှုရှိပါက မိမိတို့၏ ထုတ်လွှင့်မှုများသည် ပိုမိုထိရောက်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်း နှင့်အတူ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲ တိုးတက်နေသော နည်းပညာများ နှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကို အမြင်သစ်၊ အသွင်သဏ္ဌာန် အသစ်များနှင့် ဖန်တီးထုတ်လုပ် ပြီး ဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံတွင် မီဒီယာနှင့် အနုပညာရှင်၊ အတတ်ပညာရှင် များ မွေးထုတ်ပေးရာ၊ ပန်းပေါင်း စုံဖူးပွင့်လန်းဆန်းရာပန်းဥယျာဉ် ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူ များ အားကိုးအားထားပြုရသော တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှု ပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထ မဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူလူထု အားလုံးအပြင် ပြည်ပနိုင်ငံများ တွင် ရောက်ရှိနေကြသည့် မြန်မာ နိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ အတွက် သတင်းအချက်အလက် အပါအဝင် အသိပညာဗဟုသုတ များ မျှဝေပေးခြင်း၊ ဖျော်ဖြေ တင်ဆက် ပေးခြင်းများနှင့် ပရိသတ်များ၏ စိတ်နှလုံးတွင် မှတ်မှတ်ထင်ထင် စွဲစွဲမြဲမြဲဖြစ် အောင် စွမ်းဆောင်ပေးကြရန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(၇၉) နှစ်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာအထိ ကောင်းသတင်းများ မွေးပျံ့မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်စွာ လျှောက်လှမ်းမှုတို့နှင့် တင့်တင့်တယ်တယ် ရှင်သန်ရပ်တည်နိုင်ပါစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၇၉) နှစ်မြောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ငွေကျပ် ၇၅ သိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က MRTV Multiplayout Package တွင် မူလရုပ်သံလိုင်း ၁၈ လိုင်းမှ ၁၉ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲ၊ Earth Station ဌာနစိတ်မှ ဝန်ထမ်းများ၊ နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန်နှင့် စစ်ကိုင်း၊ မန္တလေးမြို့တို့တွင် HD ရုပ်သံလိုင်း သုံးလိုင်းတိုးမြှင့်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှဝန်ထမ်းများ၊ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ အာရှပစိဖိတ် ရုပ်သံလုပ်ငန်းအဖွဲ့အစည်း ABU မှစီစဉ်ကျင်းပခဲ့သည့် ABU Diversity and Inclusion Media Award 2024 တွင် “Major Workforce Of MRTV” ခေါင်းစဉ်ဖြင့် ထူးချွန်ဆုရရှိခဲ့သည့် MI Channel မှ ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်အေးအေးကျင်၊ တရုတ်နိုင်ငံ CGTN Myanmar မှ စီစဉ်ကျင်းပခဲ့သည့် “မှတ်မိစွဲထင် အမှတ်တရ ခရီးစဉ်” ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်စုသက်မှူးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု မြဝတီတေးဂီတအဖွဲ့နှင့် ပြင်ပအနုပညာရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းစတူဒီယိုများ၊ ထုတ်လွှင့်ခန်းများ၊ Convergence News Room အခန်းများကို လေ့လာခြင်း၊ MSME Promo များအား မြန်မာနှင့် တိုင်းရင်းသားဘာသာများဖြင့် ရိုက်ကူးထုတ်လုပ်နေမှုများ၊ AI နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်နိုင်ရန် လေ့လာစမ်းသပ်နေမှုများ၊ အသံသွင်း Studio တွင် “အရုပ်မျက်နှာပန်းမျက်နှာ” အသံသွင်းဇာတ်လမ်းသရုပ်ပြ အသံသွင်းနေမှုများကို လိုက်လံကြည့်ရှုရာ ကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြကြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီးသုံးဆောင်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်း တစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်ရေဒီယို (Rangoon Radio)မှ ဗမာ့အသံ (Burma Broadcasting Services –BBS)အမည်ဖြင့် စတင်အသံလွှင့်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers'၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဖက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုး ပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

ပြည်သူများ အရုပ်၊ အသံ အရည်အသွေး ကောင်းမွန်သည့် အစီအစဉ်များ ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2 စနစ်တွင် HD Quality ဖြင့် ဌာနပိုင် ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများ အပါအဝင် ၁၈ လိုင်း ထုတ်လွှင့်ရာမှ တိုးချဲ့ Mahar HD ရုပ်သံလိုင်းသစ်ကို ယနေ့စတင် ထည့်သွင်းထုတ်လွှင့်ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ဌာနပိုင်နှင့် ပုဂ္ဂလိကရုပ်သံလိုင်းများ အပါအဝင် စုစုပေါင်း ရုပ်သံလိုင်း ၁၉ လိုင်းဖြင့် ထုတ်လွှင့်လျက်ရှိရာမှ MRTV ၏ ဖျော်ဖြေရေးသီးသန့် ရုပ်သံလိုင်းMRTV Entertainment Channel ကို တိုးချဲ့ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ အလားတူ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ Online Media ဖြင့်လည်း လွှင့်တင်လျက်ရှိရာ MRTV Application (MRTV App) နှင့် MRTV Web Portal၊ Facebook၊ Telegram ၊ Tiktok တို့အပြင် ရေဒီယိုသီးသန့် နားဆင်နိုင်မည့် MRTV Radio App ကိုလည်း စတင်လွှင့်တင်ခဲ့ခြင်း ဖြစ်သည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန် ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် (၇၉) နှစ် တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင် မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## ခေတ်မီနည်းပညာ / အတတ်ပညာများကို အမြဲမပြတ်လေ့လာသင်ယူပြီး ဆန်းသစ်တီထွင်မှုများစွာဖြင့် ရလဒ်ကောင်းများ ပိုမိုထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအတွက် ဗလာမပါ ကံစမ်းမဲချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် (တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ‘‘အသစ်တစ်ဖန်ခေတ်သဏ္ဌာန်”တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် နှပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော် မီဒီယာပုံစံဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့သို့ဆောင်ရွက်မှုတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှု များစွာဖြင့် ကြိုးပမ်းဆောင်ရွက်မှုအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲတိုးတက်နေသော ခေတ်မီနည်းပညာ / အတတ်ပညာများကို အမြဲမပြတ် လေ့လာသင်ယူပြီး ဆန်းသစ် တီထွင်မှုများစွာဖြင့် ရလဒ်ကောင်းများ ပိုမိုထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပေါ် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ယုံကြည် အလေးထားမှုအား ဂုဏ်ယူတန်ဖိုးထားပြီး မိမိတို့၏ လုပ်ငန်းတာဝန်များအပေါ် စေ့စပ်သေချာစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်အား ပြည်ထောင်စုဝန်ကြီးထံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဂါရဝပြုပေးအပ်သည်။**(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းလုပ်သက် (၃၇)နှစ် ပြည့်မြောက်သည့် ဝန်ထမ်း ၁၃ ဦးတို့အားလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိကြသည့် ဝန်ထမ်း ၂၁ဦး အနက်မှ ကိုယ်စားလှယ် တစ်ဦးအားလည်းကောင်း၊ DTH စနစ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲမှ 9 Meter နှင့် အထောက်အကူပြု အဖွဲ့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားနေ့ အထိမ်းအမှတ် Short Film ပြိုင်ပွဲတွင် “စွဲမက်ဖွယ်ရာ ပြည်မြန်မာ” ခေါင်းစဉ်ဖြင့် ပထမဆု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗီဒီယိုပြိုင်ပွဲတွင် ပထမဆု ရရှိသူများအားလည်းကောင်း၊ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူ ဝန်ထမ်း ၁၂ ဦးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဖလားပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသင်းနှင့် အမျိုးသား အားကစားပွဲတော်တွင် ကရာတေးတစ်ဦးချင်း ပြိုင်ပွဲ၌ တတိယဆုရရှိသူ တစ်ဦးအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အစီအစဉ်ထုတ်လုပ်မှု ထူးချွန်ဆု၊ သတင်းတည်းဖြတ်ထုတ်လွှင့်မှု ထူးချွန်ဆု၊ သတင်းတင်ဆက်မှု ထူးချွန်ဆု၊ ရိုက်ကူး ထုတ်လုပ်မှုဆိုင်ရာ ထူးချွန်ဆု၊ စက်မှုဆိုင်ရာ ထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆု၊ အဆောင်၊ နေအိမ်လိုင်းနှင့် စက်ရုံများအလိုက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများအား ဒုတိယဝန်ကြီး ဦးရဲတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအတွက် ဗလာမပါ ကံစမ်းမဲ ၆ ဆုကို ဖွင့်ဖောက်၍ ပေးအပ်ကာ ဆက်လက်၍ ဌာနအစီအစဉ်ဖြင့် ကံစမ်းမဲများ ဖွင့်ဖောက်၍ ပေးအပ်ခဲ့ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “ရှင်သန်နေမည် MRTV” တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ၆၁ ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်၊ ၇၃၈ ဦး ဆက်လက်လွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ပြည်ပနိုင်ငံသား ၇၉၉ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအနက် ၆၁ ဦးကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်ပနိုင်ငံသား ၆၉ ဦးကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ပနိုင်ငံသား ၂၀၀ ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြည်ပနိုင်ငံသား ၄၆၉ ဦးကို လည်းကောင်း စုစုပေါင်း ၇၃၈ ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီးဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ် သည့် ကိုယ်ရေး အချက်အလက်များနှင့် မှတ်တမ်းများကို စာရင်းကောက်ယူပြီး ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဗီယက်နမ်၊ ယူဂန္ဓာ၊ ထိုင်းနိုင်ငံနှင့် တရုတ်(တိုင်ပေ) တို့မှ နိုင်ငံသားများ ဖြစ်ကြသည်။

နိုင်ငံတော်အနေဖြင့် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရသည် -

**Mr. Pon Wan Pin (တရုတ်နိုင်ငံသား)**

မြဝတီမြို့ ရွှေကုက္ကိုလ်မှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်း တရုတ်နိုင်ငံသား Mr. Zeng Hai Ming က ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ လစာ ယွမ် ၈ ထောင် ရတဲ့ အလုပ်ရမယ်ဆိုပြီး ဆက်သွယ်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ လေကြောင်းခရီးနဲ့ တရုတ်နိုင်ငံ ကွမ်တုံလေဆိပ်ကနေ ထိုင်းနိုင်ငံ ဘန်ကောက်လေဆိပ်ကို ရောက်ရှိခဲ့ပါတယ်။ လေဆိပ်ကို ရောက်တဲ့အခါမှာ ထိုင်းလူမျိုးတစ်ဦးက ကားနဲ့လာကြိုပြီး ထိုင်းနိုင်ငံ ဘန်ကောက်ကနေ မဲဆောက်မြို့ကို ထွက်လာခဲ့ပါတယ်။ ၈ နာရီကြာ ကားစီးပြီး မဲဆောက်မြို့ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီကနေ သောင်ရင်းမြစ်ကို ဖြတ်ပြီးတဲ့အခါ သူငယ်ချင်း Mr. Zeng Hai Ming က ကားနဲ့လာကြိုပါတယ်။ ၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ မယ်ထော်သလေးဒေသမှာရှိတဲ့ တရုတ်လူမျိုး Shi Sam ပိုင်ဆိုင်တဲ့ Ti Can ကုမ္ပဏီကို ရောက်ရှိခဲ့တယ်။ အဲဒီကုမ္ပဏီမှာ ကျွန်တော် ၃ လခန့် အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီကတစ်ဆင့် KK Park မှာရှိတဲ့ တရုတ်လူမျိုး Di Jen ပိုင်ဆိုင်တဲ့ Zho Ye ကုမ္ပဏီကို အပို့ခံရပြီး ၄ လခန့် အလုပ်လုပ်ခဲ့ရပါတယ်။ အဲဒီနောက် ရွှေကုက္ကိုလ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ ရောက်ရှိပြီး တရုတ်လူမျိုး Long Liu ပိုင်ဆိုင်တဲ့ Chiang Ying ကုမ္ပဏီမှာ Online ကနေ ကွန်ပျူတာနဲ့ Customer ရှာဖွေတဲ့ အလုပ်ကို နေ့စဉ် ည ၉ နာရီကနေ နောက်နေ့ ညနေ ၅ နာရီအထိ လုပ်ပေးခဲ့ရပါတယ်။ ဒီလိုလုပ်ရပေမယ့် လစာမရရှိခဲ့ပါဘူး။

**Mrs. Xiao Shuang ( တရုတ်နိုင်ငံသူ)**

Online ကတစ်ဆင့် အလုပ်ခေါ်စာတွေ့လို့ အလုပ်လျှောက်ခဲ့ပါတယ်။ လုပ်ရမယ့်အလုပ်က အလှပြင်ဆိုင်မှာ လုပ်ရမယ်ဆိုပြီး လစာက တစ်လကို ယွမ် ၁၅၀၀၀ ရမယ်လို့ သိရတဲ့အတွက် ကုမ္ပဏီရဲ့ ချိတ်ဆက်မှုနဲ့ ကျွန်မရဲ့ ယောကျ်ားဖြစ်တဲ့ Mr. Xiao Xihe နဲ့အတူ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ တရုတ်နိုင်ငံကနေ လေကြောင်းလိုင်းနဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို လာခဲ့ပါတယ်။ ဘန်ကောက်လေဆိပ်ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး အားဝေက လာကြိုပြီး မဲဆောက်မြို့ကို ကားနဲ့ပို့ပေးခဲ့တယ်။ ဒီလိုပို့ပေးတဲ့အခါမှာ ထိုင်းနိုင်ငံက စစ်ဆေးရေးဂိတ် ၄ ဂိတ်ကို ဖြတ်သန်းသွားရပေမယ့် စစ်ဆေးမေးမြန်းတာတွေ မရှိခဲ့ပါဘူး။ ကားနဲ့ ၇ နာရီခန့် ကြာစီးပြီး သောင်ရင်းမြစ်ကမ်းကို

*စာမျက်နှာ ၉ သို့*



၁၅-၂-၂၀၂၅ ရက်တွင် နိုင်ငံခြားသား ၄၆၉ ဦး စိစစ်မှုအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



၆-၂-၂၀၂၅ ရက်တွင် နိုင်ငံခြားသား ၆၁ ဦးအား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတား၌ လွှဲပြောင်း/လက်ခံ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။




၁၁-၂-၂၀၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသား ၆၉ ဦးအား စိစစ်မှု မှတ်တမ်းဓာတ်ပုံ။



Mr. Pon Wan Pin(တရုတ်နိုင်ငံသား)



Mrs. Xiao Shuang (တရုတ်နိုင်ငံသူ)



Mr. YuYong Bing (တရုတ်နိုင်ငံသား)



Mrs. Hou Mei Xin ( တရုတ်နိုင်ငံသူ)



Mr. Yuan Zong Liang (တရုတ်နိုင်ငံသား)

# မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေမြယာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် ဗဟိုမြို့မကျောင်းတိုက်ရှိ သံဃာတော် ၆၄ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့အား အဆိုပါကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်

**ပဲခူး ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့ရှောင်လမ်း မဲခုန်အနောက်ကွင်းရှိ PUNGKOOK MYANMAR



လက်ကိုင်အိတ်စက်ရုံ၌ စက်ရုံဝန်ထမ်း ၃၅ ဦးအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အကြိုအခြေခံ မီးသတ်ပညာသင်တန်း (၁/၂၀၂၅)ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများအား အခြေခံမီးသတ်ပညာရပ်များ၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊နည်းဥပဒေ၊ မီးတောက်၏ သဘောသဘာဝ၊ အရေးပေါ်လွတ်မြောက်ရေး ဆိုင်ရာများ၊ မီးခိုးအန္တရာယ်နှင့် မီးခိုးအတွင်း လှုပ်ရှားသွားလာခြင်း၊ စက်ရုံအလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရန်၊ ရှောင်ရန်များ၊ အရေးပေါ်မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုနည်းပညာရပ်များ သင်ကြားပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးအောင်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၁၄ ရက်က အမှတ်(၇)အခြေခံပညာမူလတန်း(လွန်)ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်မိုးကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဇော်မျိုးထွဋ်က မုဒိတာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်က ဦးဆောင်သူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အခွင့်အလမ်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာပေအကြောင်း၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အောင်မြင်မှုခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး နံရံကပ်စာစောင်နှင့် စာအုပ်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

ရောက်ရှိခဲ့တယ်။ အဲဒီကတစ်ဆင့် သောင်ရင်းမြစ်ကို စက်လှေနဲ့ဖြတ်ကူးပြီး ကမ်းတစ်ဖက်ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး ၁ ယောက်က ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ်ကို ပို့ပေးခဲ့တယ်။ အဲဒီက အလှပြင်ဆိုင်မှာ ၅ လခန့် အလုပ်လုပ်ခဲ့ပြီး ဘတ်ငွေ ၁၅၀၀၀ ခန့် ရရှိခဲ့ပါတယ်။ ကျွန်မအလုပ်လုပ်တဲ့ဆိုင်က ကျွန်မယောကျ်ား အလုပ်လုပ်တဲ့ဆိုင်နဲ့ ဘေးချင်းကပ်လျက်ပဲ ဖြစ်ပါတယ်။

**Mr. YuYong Bing (တရုတ်နိုင်ငံသား)**

Online ပေါ်ကနေ ခင်မင်ရင်းနှီးတဲ့ တရုတ်လူမျိုး အမျိုးသားတစ်ဦးက ယူနန်မှာ အလုပ်လုပ်ရမယ်ဆိုပြီး လာခေါ်ပါတယ်။ သူကပဲ ဘန်ကောက်မှာ အလုပ်ရှိတယ်လို့ပြောပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှာ ယူနန်ကနေ ဘန်ကောက်ကို ထွက်လာခဲ့ပါတယ်။ ဘန်ကောက်ကို ရောက်ရှိတဲ့အခါ တရုတ်လူမျိုးတစ်ဦးက လာကြိုမယ့် ကားနံပါတ်ကို Viber ကနေတစ်ဆင့် ပို့ပေးခဲ့တယ်။ အဲဒီကားနဲ့ ထွက်ခွာလာပြီး ညနေပိုင်းမှာ မဲဆောက်ကို ရောက်တယ်။ မဲဆောက်ကတစ်ဆင့် ရွှေကုက္ကိုလ်မှာရှိတဲ့ Hing Tu ကုမ္ပဏီမှာ အလုပ်ရတယ်။ အလုပ်က Online ကတစ်ဆင့် Customer ရှာဖွေတဲ့ အလုပ်ကို လုပ်ခဲ့ရတယ်။

**Mrs. Hou Mei Xin ( တရုတ်နိုင်ငံသူ)**

ရွှေကုက္ကိုလ်မှာ အလုပ်လုပ်ဖို့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ တရုတ်နိုင်ငံကနေ လေယာဉ်နဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို လာခဲ့ပါတယ်။ ဘန်ကောက်မြို့ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုးတစ်ဦးက အသင့်လာကြိုပါတယ်။ ဘန်ကောက်ကနေတစ်ဆင့် တရုတ်လူမျိုး ၄ ဦးနဲ့အတူ စက်လှေနဲ့ သောင်ရင်းမြစ်ကို ဖြတ်ကျော်ပြီး ရွှေကုက္ကိုလ်ကို ရောက်ခဲ့ပါတယ်။ တရုတ်လူမျိုးပိုင်တဲ့ Heng Chuang ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ခဲ့ပါတယ်။ နေ့တိုင်း ည ၈ နာရီကနေ အချိန်အကန့်အသတ်မရှိ Chatting လုပ်ပြီး Customer တွေ ရှာဖွေပေးရတဲ့အလုပ်ကို လုပ်ပေးရပါတယ်။ အလုပ်ဝင်ချိန်ကတည်းက အခုထိ လစာမရရှိခဲ့ပါဘူး။

**Mr. Yuan Zong Liang (တရုတ်နိုင်ငံသား)**

ကွမ်တုံမြို့က သူငယ်ချင်းဖြစ်တဲ့ Xu Feng က ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ တစ်လ ဘတ် ၇၀၀၀ ရမယ်ဆိုပြီး အလုပ်လုပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ သူရဲ့ စီစဉ်ပေးမှုနဲ့ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့မှာ ကွမ်တုံလေဆိပ်ကနေ ဘန်ကောက်မြို့ကို လေယာဉ်နဲ့ သွားခဲ့ပါတယ်။ အဲဒီနေ့ နေ့လယ်ပိုင်းမှာ ဘန်ကောက်မြို့ကို ရောက်တဲ့အခါမှာ သူစီစဉ်ပေးထားတဲ့ ထိုင်းလူမျိုးတစ်ဦးက ကားနဲ့လာကြိုပါတယ်။ ည ၇ နာရီကျော်တဲ့အချိန်မှာ ချောင်းတစ်ခုကိုရောက်ပြီး စက်လှေနဲ့ တစ်ဖက်ကမ်းကို ကူးခဲ့ပါတယ်။ တစ်ဖက်ကမ်းကို ရောက်တဲ့အချိန်မှာ အမျိုးသားတစ်ဦးက လာကြိုပြီး ရွှေကုက္ကိုလ်က ရထိုက်ကုမ္ပဏီကို ရောက်ရှိခဲ့ပါတယ်။ အဲဒီကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် လိမ်လည်ရမယ့် Facebook အကောင့်တွေ ရှာဖွေရတဲ့ အလုပ်ကို လုပ်ခဲ့ရပါတယ်။ နေ့တိုင်း ည ၁၀ နာရီကနေ နောက်နေ့ မွန်းလွဲ ၂ နာရီထိ လုပ်ကိုင်ရပြီး တစ်လ ဘတ်ငွေ ၄၀၀၀ သာ ရရှိခဲ့ပါတယ်။ **သတင်းအဖွဲ့**



၁၁-၂-၂၀၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသား ၆၉ ဦးအား စိစစ်မှု မှတ်တမ်းဓာတ်ပုံ။

# မြိတ်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲ ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ လူမှုကယ်ဆယ်ရေးအဖွဲ့များက မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဇင်ထွန်းက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကာ သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။

**ခိုင်ထူး (ပြန်/ဆက်)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဂေါပကအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဂေါပကအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်စဉ် လမ်းညွှန်ချက်များကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတီတော်များတွင် Pagoda Digital Directory ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ဂေါပကအဖွဲ့ဝင်များက ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဂေါပကအဖွဲ့ဝင်များက သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် (PDD) တပ်ဆင်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေလုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီမြတ်ကြီး၏ သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် ဖွင့်ပွဲအခမ်းအနားကို အဆိုပါစေတီတော် ရင်ပြင်တော် စနေထောင့်၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်စကားပြောကြား၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးအောင်ကိုဇော်က လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ဝင် ဦးအောင်ကိုဇော်နှင့် ဦးအောင်မြတ်တို့က ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် Pagoda Digital Directory ဖွင့်ပွဲအခမ်းအနားဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် Station ကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးကြပြီး ဘုရားဖူးလမ်းညွှန်အား စမ်းသပ်အသုံးပြုကြကာ ဘုရားဖူးလမ်းညွှန်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီမြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်ရေး ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီမြတ်ကြီး နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

ယင်းနောက် အလှူရှင်များက ရွှေစင်ရွှေပြားများကပ်လှူနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရေး ဦးစီးကော်မတီနာယက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီမြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ စုစုပေါင်း လှူဒါန်းငွေကျပ် ၄၃၅၅၀၄၀၀၀ (ကျပ်လေးထောင့် သုံးရာငါးဆယ့်ငါးသိန်းနှင့် လေးထောင်ကျပ်) တိတိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းများ ကွင်းဆင်းစစ်ဆေး

**တနင်္သာရီ ဖေဖော်ဝါရီ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ခရိုင်သစ်တောဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်ရေး၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေး၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူသယ်ဆောင်ခြင်းများ ကာကွယ်တားဆီးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု တားဆီးကာကွယ်ရေးနှင့် Fire Hotspots ဖြစ်ပွားမှုလျှော့ချနိုင်ရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံမြဲ စစ်ဆေးခြင်း၊ ပုလဲဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေကြောင်း၊ နှစ်စဉ်လျာထားချက်နှင့် ထုတ်လုပ်မှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ကောင်းမွန်အောင် ဌာနနှင့် လုပ်ငန်းရှင်များ ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သားဖောက်ခန်းအတွင်း မုတ်ကောင်သားဖောက်မွေးမြူနေမှု၊ မုတ်ကောင်အတွင်း ဝတ်ဆံသွင်းပုလဲမွေးမြူမှု၊ X–Ray စက်ဖြင့် မုတ်ကောင်အတွင်း ဝတ်ဆံမြဲစစ်ဆေးဆောင်ရွက်မှုနှင့် မုတ်ကောင်အတွင်းမှ ပုလဲဖော်ထုတ်ခြင်း ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျွန်းစုမြို့နယ် ဒိုမယ်ကျွန်းရှိ မြန်မာတာဆာကီကုမ္ပဏီ၏ ပုလဲမွေးမြူထုတ်လုပ်နေမှုလုပ်ငန်း အဆင့်ဆင့်နှင့် ယခုလအတွင်း ပုလဲဖော်ထုတ်ခြင်းမှရရှိလာသော ပုလဲများအား အရည်အသွေးအလိုက်၊ အရွယ်အစားအလိုက် ခွဲခြားပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပုလဲမွေးမြူ ထုတ်လုပ်ရေးကျွန်းစခန်းသို့ရောက်ရှိပြီး မြန်မာ့ပုလဲ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဌာန၏ချမှတ်ထားသော ရေရှည်မျှော်မှန်းချက်၊ ရည်မှန်းချက် တာဝန်များနှင့်အညီ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲကျွန်းစခန်းအတွင်း မုတ်ကောင်သားဖောက်မွေးမြူနေမှုနှင့် ပုလဲဖော်ထုတ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ခိုလမ်မြို့၌ လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းစစ်ဆေးခြင်းများဆောင်ရွက်

**ခိုလမ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်သူများ လျှပ်စစ်မီတာ သုံးစွဲရာတွင် အဆင်ပြေစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် လျှပ်စစ် ဓာတ်အားလိုင်းများ ပြုပြင် ထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆန်း၊ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံမှူး ဦးသော်ဇင်ညွန့်တို့၏ ဦးဆောင်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက ၆၆/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ၊ ခိုလမ်မြို့ ဓာတ်အားခွဲရုံတွင် Earthing စစ်ဆေးခြင်း၊ Bolt & Nuts များ စစ်ဆေးချိန်ညှိခြင်း၊ ကြွေသီးများ သန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီမြို့တွင်း ဖီဒါ၊ ရလခ(၁)ဖီဒါနှင့် ရလခ(၂)ဖီဒါ တစ်လျှောက် ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် စစ်ဆေးပြုပြင်မှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာ ကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက် ဖြစ်သည့် အပြင် ရပ်ဝေးရပ်နီးမှ ပြည်သူများ ပွဲတော်သို့ လာရောက်လည်ပတ်မှု တစ်ရက်ထက်တစ်ရက် များပြားခဲ့သည့်အတွက် ထပ်တိုးကျင်းပသည့် ရက်ဖြစ်သည်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက် များနှင့် MSME ဆိုင်ရာ ထုတ်ကုန်များ၊ ယာဉ်နှင့် ဆိုင်ကယ်အရောင်းပြခန်းများ၊ ဆီကုန်သည်များ အသင်း အရောင်းပြခန်း၊ စက်မှုဝန်ကြီးဌာနအရောင်း ပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပြခန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပြခန်းများ၊ လုပ်ငန်းစီးပွား ချိတ်ဆက်မှုပြခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းဆိုင်ခန်းများ၊ သမဝါယမထုတ်ကုန်များ အသင်းအရောင်းပြခန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်ပေးနေသည့် ပြခန်းတို့တွင် လေ့လာသူ၊ ဈေးဝယ်သူ၊ လုပ်ငန်းချိတ်ဆက် ဆောင်ရွက်သူများဖြင့် အထူးစည်ကားများပြား ခဲ့သည်။

ထိုသို့ ပွဲတော်သို့လာရောက်ကြသည့် ပြည်သူ များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများအလိုက် တာဝန် ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရ ဗဟုသုတများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို ပြည့်စုံစွာ ရှင်းလင်းပြသပေးကြသည်။

ထို့အပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထွက်ရှိ သည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူ များ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်း ချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်း သားရိုးရာအစားအသောက်များကိုလည်း လတ်ဆတ် စွာဖြင့် ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာစားသုံး ကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

ညပိုင်းတွင်လည်း ဖျော်ဖြေရေး အစီအစဉ်များ အဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွ စေမည့် တေးသီချင်းများကို မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် တွင်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သတင်းအချက်အလက်နှင့် နည်းပညာ မျှဝေမှုများ၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးမှုများ၊ ဈေးကွက် စီးပွားရေးလိုအပ်ချက်များကို အနာဂတ်နည်းပညာ များအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင် မည့် ဗဟုသုတအကြောင်းအရာများဖြင့် ကဏ္ဍစုံ မျှဝေသွားမည်ဖြစ်ရာ မိဘပြည်သူများ လက်မလွှတ် တမ်း လာရောက်လေ့လာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- အေးအေးသန့်၊ ကျော်စွာဝင်း**
**ဓာတ်ပုံ - ထိန်နန်နေ**



ညပိုင်းဖျော်ဖြေရေးအစီအစဉ်များ၌ ပြည်သူများပျော်ရွှင်စွာ တစ်ခဲနက် ပါဝင်ဆင်နွှဲကြစဉ်။





(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့တွင် ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြစဉ်။

## လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ မူကြိုကလေးများ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မူကြိုကလေးများ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က ဖွင့်လှစ်ထားသော အမှတ်(၁၉)ရပ်ကွက် မူကြိုကျောင်းနှင့် အမှတ်(၂၀)ရပ်ကွက် မူကြို ကျောင်းမှ ကလေးများက ဘောလုံးလက်ဆင့်ကမ်း ကစားနည်း၊ ကိန်းဂဏန်းများအဝတ်ညှပ်ဖြင့် ကစားနည်း၊ ပင်ပေါင်ဘောလုံးလိမ့် ကစားနည်း၊ Patten စီကစားနည်း၊ ကဗျာရွတ်ဆိုခြင်း၊ အာလူးကောက် ကစားနည်းများကို ယှဉ်ပြိုင်ကြသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကလေးငယ် များ၊ အကဲဖြတ်အမှတ်ပေးဒိုင်လူကြီးများနှင့် မူကြိုဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်ရွှေမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၅**

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

**ပစ္စည်းများပေးအပ်**

ထို့နောက် စာရေးဆရာ သက်ဝင်းက ပညာရေးနှင့် အခွင့်အလမ်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ငွေခြည်လင်းလက်က ကြိုးစားကြပါစို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာ အောင်ကျော် (သွား/ဆရာဝန်)က အမှတ်တရ ဇာတိမြေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို စာရေးဆရာ ဆရာမများက ပြန်လည် ရှင်းလင်း ဖြေကြားပေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ဈေးကွက်ချိတ်ဆက်မှုတွေလည်း ရရှိခဲ့တဲ့အတွက် အခုလိုမျိုး ပြပွဲပြိုင်ပွဲတွေ ထပ်မံပြီးတော့ ကျင်းပပေးမယ်ဆိုရင်လည်း ပါဝင်ဖို့အဆင်သင့်ပါပဲ

မထက်ဦးခင်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီး တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် အများပြည်သူများ၊ လုပ်ငန်းရှင်များ တစ်ခဲနက်ပါဝင်ဆင်နွှဲမှုကြောင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရက်ထပ်တိုးကျင်းပလျက်ရှိရာ ဆုရ လုပ်ငန်းရှင်များနှင့် ဒေသအသီးသီးမှ လာရောက်ပြသကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် –



မထက်ဦးခင်



ကိုဇင်မျိုးထိုက်



ဦးတင်ကို



ဒေါ်လှခင်သန်း

**မထက်ဦးခင် (ခါတော်ဦးလက်ဖက်၊ ပဲကြော် လုပ်ငန်း– မကွေး)**

**အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်စံပြဆု**

မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ခါတော်ဦး လက်ဖက်ထုတ်ကုန်နဲ့ အသေးစားထုတ်ကုန် လုပ်ငန်း စားသောက်ကုန်စံပြဆုရရှိခဲ့ပါတယ်။ ဆုရတဲ့အတွက် ဂုဏ်လည်းယူတယ်။ ပြပွဲမှာ ခါတော်ဦးလက်ဖက်ထုတ်ကုန်တွေကို ဝယ်ယူ အားပေးကြတဲ့သူတွေအားလုံးကိုလည်း ကျေးဇူး တင်ပါတယ်။ ကျွန်မတို့ စားသောက်ကုန်ထုတ် လုပ်ငန်းကို လုပ်ငန်းရှင် ဒေါ်မိုးသူဇာ၊ ခါတော်ဦး တံဆိပ်နဲ့ ၂၀၁၄ ခုနှစ်က လုပ်ငန်းမှတ်ပုံတင်ပြီးတော့ စတင်ခဲ့တာပါ။ လုပ်ငန်းအဓိကအခြေစိုက်တာ ကတော့ မကွေးတိုင်းဒေသကြီး မကွေးမြို့မှာပါ။ မကွေးတိုင်းဒေသကြီးဟာ နိုင်ငံရဲ့ဆီအိုးကြီးလည်း ဖြစ်တယ်၊ ပဲကုန်ကြမ်းလည်း ပေါတဲ့အတွက် ရှမ်းပြည်နယ်က လက်ဖက်ကုန်ကြမ်းနဲ့စုပေါင်းပြီး တော့ လက်ဖက်တန်ဖိုးမြှင့် စားသောက်ကုန်ထုတ် လုပ်ငန်းကို စတင်လုပ်ကိုင်ဖြစ်တာပါ။ အဓိက ထုတ်လုပ်တဲ့ စားသောက်ကုန်တွေကတော့ လက်ဖက်အရသာလေးမျိုးနဲ့ ပဲကြော်စုံ၊ ကျွန်မတို့ ကိုယ်ပိုင်အကြံဉာဏ်နဲ့ ထုတ်လုပ်ထားတဲ့ မြေပဲ ပေါင်းကြော်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အခုလို မျိုး ပြပွဲပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက် SME လုပ်ငန်းရှင်တွေက ကိုယ့်ပစ္စည်းကိုယ်ထုတ် ကိုယ်တိုင်ရောင်းတယ်ဆိုပေမယ့် အစိုးရဝန်ကြီးဌာန တွေနဲ့ ပူးပေါင်းပြီးတော့ အခုလိုမျိုးပြပွဲပြိုင်ပွဲတွေ ဝင်ရောက်ပြသရောင်းချခွင့်ရတဲ့အတွက် ဈေးကွက် ပိုမိုချဲ့ထွင်နိုင်မယ့်အခွင့်အလမ်းတွေ ပိုပြီးရလာပါ တယ်။ ကျွန်မတို့လက်ဖက်ကုန်ကြမ်းတွေက ပြည်တွင်းဖြစ် ၁၀၀ ရာခိုင်နှုန်း နမ့်ဆန်ဒေသထွက် လက်ဖက်ကို အသုံးပြုထားပါတယ်။ ဈေးကွက် အနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းမှာလည်း ဖြန့်တယ်။ ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်နဲ့ နေပြည်တော် Whole Sale တွေမှာလည်း ဈေးကွက် ချိတ်ဆက်မှုတွေရပါတယ်။ ပြည်ပဈေးကွက်မှာ တော့ ထိုင်း၊ ကိုရီးယား၊ ဂျပန်နဲ့တရုတ်နိုင်ငံတွေအထိ တင်ပို့နိုင်ဖို့အတွက် ဈေးကွက်ချိတ်ဆက်မှုတွေ လည်း ရရှိခဲ့တဲ့အတွက် အခုလိုမျိုးပြပွဲပြိုင်ပွဲတွေ ထပ်မံပြီးတော့ ကျင်းပပေးမယ်ဆိုရင်လည်း ပါဝင်ဖို့ အဆင်သင့်ပါပဲ။

**ကိုဇင်မျိုးထိုက်(MG Myanmar Gasket ထုတ်ကုန် လုပ်ငန်း–ရန်ကုန်)**

**အငယ်စားစီးပွားရေးလုပ်ငန်း (ဒုတိယဆု)**

သွင်းကုန်အစားထိုး Gasket အမျိုးမျိုးထုတ် လုပ်တဲ့လုပ်ငန်းနဲ့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စား ပြု အငယ်စားစီးပွားရေးလုပ်ငန်း ဒုတိယဆုရရှိခဲ့ပါ တယ်။ ကျွန်တော်တို့ အခုလိုသွင်းကုန်အစားထိုး ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ရဲ့ ထုတ်ကုန်ကို တင်ပြခွင့်ရတယ်၊ Gasket ထုတ်ကုန်တွေကို ပြည်ပ ကနေ တင်သွင်းစရာမလိုတော့ဘဲနဲ့ ပြည်ပက ထုတ်ကုန်တွေရဲ့ အရည်အသွေးကိုမီတဲ့ ထုတ်ကုန် တွေကို ကိုယ်တိုင်ဖန်တီးလို့ရနိုင်တယ်ဆိုတဲ့ လူငယ် တွေကို အားကျအတုယူနိုင်အောင် ပြသခွင့်ရတဲ့ အတွက်ဝမ်းသာမိပါတယ်။ လုပ်ငန်းစတင်တည်ထောင် တာကတော့ ၂၀၀၉ ခုနှစ်က စတင်ခဲ့တာပါ။ သမားရိုးကျ Hand Made ဘဝကနေ၊ ပန့်နဲ့ ဖောက်တူနဲ့ထုတဲ့အဆင့်ကနေ နည်းပညာပေါင်းစပ် ပြီးတော့ စက်ရုံထုတ်ပုံစံအထိ တိုးတက်ပြောင်းလဲ နိုင်ခဲ့ပါတယ်။ ဈေးကွက်ဖြန့်ကြက်မှုအနေနဲ့ ပြည်တွင်း ကား၊ ဆိုင်ကယ်၊ လယ်ယာသုံးစက်မှု လုပ်ငန်းတွေသာမက ဥရောပအထိတင်ပို့နေရတာ တွေလည်းရှိပါတယ်။ လက်ရှိမှာလည်း မိရိုးဖလာ Handmade လုပ်ငန်းတွေကို စက်မှုလုပ်ငန်းအသွင် ကူးပြောင်းချင်တဲ့သူတွေကိုလည်း နည်းပညာပေး သင်ကြားပြီးတော့ လက်တွဲခေါ်နေပါတယ်။ အခုလို ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတာက လုပ်ငန်းရှင်တွေ အတွက် အကျိုးသက်ရောက်မှုအနေနဲ့ ဒီလို မြေတောင်မြှောက်ပေးမှ ကိုယ့်ရဲ့လုပ်နိုင်ကိုင်နိုင်စွမ်း ကိုလည်း ချပြခွင့်ရနိုင်တယ်။ ပြည်ပအစားထိုး ထုတ်ကုန်ဆိုတာ တကယ်တော့ ကိုယ့်နိုင်ငံရဲ့ နိုင်ငံခြားငွေ ကုန်ကျမှုတွေကိုလည်း တစ်ထောင့် တစ်နေရာကနေ ထိန်းချုပ်နိုင်အောင် ဆောင်ရွက် ပေးနေတာလည်းဖြစ်ပါတယ်။ တကယ်သုံးနေတဲ့ သူတွေက Gasket ရဲ့ အသုံးဝင်မှုတန်ဖိုးကို သိကြ တယ်။ တကယ်တော့ ပြပွဲမှာ အခုလိုချပြခွင့်ရတာ လည်း အဲဒီအသုံးဝင်မှုတန်ဖိုးကို ချပြနိုင်တယ်လို့ မြင်တယ်။ လူတိုင်းလိုက်လုပ်နိုင်တဲ့အခြေအနေ နည်းသေးတယ်ဆိုပေမယ့် တကယ်လုပ်ရင် ဖြစ်နိုင် တယ်ဆိုပြီး ကြိုးစားပြခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ အခုလို ပြပွဲပြိုင်ပွဲတွေမှာလည်း ၂၀၁၉ ခုနှစ်မှာ တစ်ခါဝင်ပြိုင်ခဲ့တုန်းကလည်း နိုင်ငံတော်အဆင့်ထုတ်ကုန် ဒုတိယဆုရရှိခဲ့ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ သွင်းကုန်အစား ထိုး စက်မှုထုတ်ကုန်လုပ်ငန်းကို များများပွံ့ပိုးနိုင် လေ နိုင်ငံခြားထွက်ငွေကို ပိုပြီးချွေတာနိုင်လေ ဖြစ်မှာပါ။



တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းများတွင် ဈေးဝယ်လာသူပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**ဦးတင်ကို (မွန်ပြည်နယ်ပြခန်း)**

**စက်ရုံမှူး၊ ဖူးရှင်းဘရားသား(စ်) ရော်ဘာစက်ရုံ**

ကျွန်တော်တို့ Fuxing Brither ရော်ဘာစက်ရုံကို အဓိကမွန်ပြည်နယ် မုဒုံမြို့နယ်မှာ အခြေစိုက်ပြီး တော့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့က ကုန်ကြမ်းတွေကို ရယူပြီးတော့ တာယာစက်ရုံတွေအတွက် လိုအပ်တဲ့ အရည်အသွေးစံချိန်မီတဲ့ MSR –10၊ MSR– 20 ထုတ်ကုန်တွေကို ထုတ်ပါတယ်။ ထုတ်ကုန်တွေ စံချိန်စံညွှန်းမီဖို့အတွက်ကိုလည်း ကိုယ်ပိုင်ဓာတ်ခွဲ ခန်းလည်းရှိတယ်၊ အားလုံးကို စမ်းသပ်ပြီးတော့မှ အရည်အသွေးမီတဲ့ ထုတ်ကုန်တွေကို ထုတ်လုပ် တင်ပို့ပါတယ်။ စက်ရုံအနေနဲ့ ၂၀၀၃ ခုနှစ်ကတည်း က ရော်ဘာကုန်ကြမ်းတွေ စတင်ပြီးတော့ ထုတ်လုပ် တာ။ တကယ်ပိုင်ပိုင်နိုင်နိုင် ကမ္ဘာ့ဈေးကွက်ကိုတော့ ၂၀၁၂ ခုနှစ်လောက်မှ ထိုးဖောက်နိုင်တာပါ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အဓိကတင်ပို့တဲ့ နိုင်ငံက တရုတ်နိုင်ငံချင်းတောင်ကို နှစ်စဉ်တန်ချိန် ၄၀၀၀၀ လောက်တင်ပို့ပါတယ်။ စက်ရုံအနေနဲ့ ကတော့ နှစ်စဉ်တန်ချိန် သုံးသောင်းလောက်ပဲ ထုတ်ပြီးတော့ ကျန်တဲ့မှိုင်းခံရော်ဘာပြား RSS –3 တွေကိုတော့ ပြင်ပကနေဝယ်ယူပြီးတော့ တင်ပို့ပါ တယ်။ ကျွန်တော်ပြပွဲမှာ ပြသရတဲ့ရည်ရွယ်ချက် ကတော့ ဈေးကွက်ကို ချဲ့ထွင်နိုင်ဖို့အတွက်ဖြစ်ပါ တယ်။ အခုဒီပြပွဲမှာ အိန္ဒိယနိုင်ငံနဲ့ ရုရှားနိုင်ငံကို တင်ပို့ဖို့ စီးပွားရေးသံမှူးတွေနဲ့ ချိတ်ဆက်မှုတွေ ရရှိထားပါတယ်။ ကျွန်တော်တို့ ထုတ်ကုန်တွေကို နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ဖို့အတွက် ဈေးကွက်ကို ချိတ်ဆက်တင်ပို့နိုင်ဖို့ ကြိုးစားသွားပါ မယ်။

**ဒေါ်လှခင်သန်း**

**လှမေတ္တာရှင် ရခိုင်ရိုးရာရက်ကန်းလုပ်ငန်း**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်း အမှတ် MSME ပြပွဲပြိုင်ပွဲမှာ ရခိုင်ရိုးရာအထည် အမျိုးမျိုးနဲ့ လာရောက်ပြသရခြင်းဖြစ်ပါတယ်။ ကျွန်မတို့လုပ်ငန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျောက်တန်းရှည်ကျေးရွာမှာ စက်ရုံအလုပ်ရုံ ရက်ကန်းရုံ ၄၀၀ ကျော်နဲ့ ၁၉၉၇ ခုနှစ်က စတင်ခဲ့ပါ တယ်။ ရက်ကန်းရုံတွေဖွင့်လှစ်ပြီး ရခိုင်ရိုးရာ အထည်အမျိုးမျိုးကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ အပြင် ပြည်ပအထိ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ကျွန်မတို့ရိုးရာအထည်တွေကို ပြည်ထောင်စုအဆင့် ပွဲကြီးတွေမှာ လေးနှစ်မြောက်အထိလာရောက်ပြသ ရောင်းချပေးခွင့်ရခဲ့ပါတယ်။ ဒီနှစ်မှာထူးခြား တာက လုပ်ငန်း/ စီးပွားချိတ်ဆက်မှု ပြခန်းကနေ တစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ ကုန်တိုက်တွေက ကျွန်မတို့ထုတ်ကုန်တွေကို မှာယူ ဖို့ စာချုပ်တာတွေရှိပါတယ်။ ကျွန်မတို့ လက်ရက် ကန်းတွေကနေ စက်ရက်ကန်းအဖြစ် တိုးတက် ပြောင်းလဲနေပါတယ်။ အဲဒါအပြင် လက်ရက်ကန်း လည်းပျောက်ကွယ်မသွားရအောင် တချို့အထည် တွေကို လက်ရက်ကန်းနဲ့ရက်လုပ်ပြီး အဆင့်မြှင့် ထုတ်ကုန်တွေကိုလည်း စက်ရက်ကန်းနဲ့ အဆင့် မြှင့် ကုန်ချောတွေထုတ်လုပ်ဖို့အတွက် ရန်ကုန်မှာ မြေနေရာ စက်ရုံနဲ့အလုပ်ရုံတွေ တိုးချဲ့ပြင်ဆင် ထားပါတယ်။ ရခိုင်ရိုးရာအထည်အမျိုးမျိုး၊ ဒီဇိုင်း အမျိုးမျိုးကိုလည်း အထူးမှာယူတဲ့ ကုန်တိုက်တွေကို လည်း အဆင့်မြှင့်ကုန်ချောတွေ တင်ပို့လျက်ရှိပါ တယ်။ ဒီလိုပြပွဲကြီးကျင်းပပေးတဲ့ နိုင်ငံတော်အကြီး အကဲကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ရခိုင်ပြည်နယ် စစ်တွေ ကနေ အားသွန်ခွန်စိုက်နဲ့ နေပြည်တော်ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကို ရောက်အောင် လာပြီး ပြသရောင်းချပေးတာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း – ဇင်ဦး၊ ဟိန်းထက်ဇော်**

**ဓာတ်ပုံ– ဇော်ဘီ**

## ဧပြီလမှစတင်၍ မော်တော်ကားတင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုပြုလုပ်ရန် ထရမ့်စဉ်းစားနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဧပြီလမှစတင်၍ မော်တော်ကားတင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုပြုလုပ်ရန် စဉ်းစားနေသည်ဟု သိရသည်။

ထရမ့်သည် ဖေဖော်ဝါရီ ၁၄ ရက်က အိမ်ဖြူတော်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် အဆိုပါအစီအစဉ်ကို ကြေညာခဲ့သည်။



**ဖော်ပြခြင်းမရှိ**

အခွန်စည်းကြပ်မှု ပြုလုပ်မည့်နှုန်းထားနှင့် မည်သည့်နိုင်ငံကို ပစ်မှတ်ထား၍ အခွန်စည်းကြပ်မှုပြုလုပ်မည်ဟူသော အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိခဲ့ချေ။

ဧပြီလအတွင်းမှစတင်၍ ယင်းအစီအစဉ် စတင်ကောင်း စတင်နိုင်သည်ဟု ထရမ့်က ပြောသည်။

အကယ်၍ ယင်းအစီအစဉ်ကို ထရမ့်စတင်ပြီး နိုင်ငံအားလုံးအပေါ် မော်တော်ကားအခွန်စည်းကြပ်မည်ဆိုပါက အမေရိကန်သို့ မော်တော်ကား အဓိကတင်ပို့နေသည့် ဂျပန်နိုင်ငံအတွက် ထိခိုက်မှုရှိမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်သို့ မော်တော်ကား ၁ ဒသမ ၄၈ သန်းတင်ပို့ခဲ့သည်ဟု ဂျပန်မော်တော်ကားထုတ်လုပ်ရေးအသင်းက ပြောသည်။

**အရိပ်အမြွက်ပြောကြား**

ပြည်ပမှ တင်သွင်းသည့်ကားများကို အခွန်စည်းကြပ်မှု ပြုလုပ်ကောင်းပြုလုပ်နိုင်သည်ဟု ထရမ့်က ထပ်ခါတလဲလဲ အရိပ်အမြွက်ပြောကြားခဲ့သည်။

**ထိခိုက်စေ**

မော်တော်ကားတင်သွင်းမှု၏ နိမ့်ကျသော ဈေးနှုန်းများသည် အမေရိကန်၏ကားလုပ်ငန်းကို ထိခိုက်စေသည်ဟု ၎င်းက ဆက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်၏ လူဦးရေအများဆုံး ကွီဇွန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်းမြင့်မား

**မနီလာ ဖေဖော်ဝါရီ ၁၅**

ဖိလစ်ပိုင်နိုင်ငံ၏ မြို့များအတွင်း လူဦးရေအများဆုံးဖြစ်သည့် ကွီဇွန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ၂၀၀ ရာခိုင်နှုန်းခန့် မြင့်မားလာသည်ကို ကိုးကားပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း ကြေညာသည်။

ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၇၆၉ ဦးရှိကြောင်း မြို့ကျန်းမာရေးဌာနက မှတ်တမ်းတင်ထားသည်။ ယင်းပမာဏမှာ ပြီးခဲ့သည့်နှစ်ကထက် ၂၀၀ ရာခိုင်နှုန်းခန့် မြင့်မားကြောင်း ကွီဇွန်မြို့တော်ဝန် ဂျိုင်းဘယ်လ်မွန်တဲက ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် အရွယ်မရောက်သေးသူ ရှစ်ဦးအပါအဝင် ၁၀ ဦးသေဆုံးကြောင်း ၎င်းကဆိုသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ၅၈ ရာခိုင်နှုန်းမှာ အသက်ငါးနှစ်မှ ၁၇ နှစ်အကြား ကျောင်းနေအရွယ်ကလေးများဖြစ်ကြပြီး ၄၄ ရာခိုင်နှုန်းမှာ အသက်တစ်နှစ်မှ ၁၀ နှစ်အကြား ကလေးများဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ရေနှင့် အစားအစာကြောင့်ဖြစ်သောရောဂါများ၊ တုပ်ကွေးကဲ့သို့သော ဖျားနာမှုများနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတိုးလာသည်ဟု မှတ်ချက်ပြုပြီး နောက်တစ်ရက်အကြာတွင် ယင်းမြို့၏ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ ကွီဇွန်မြို့သည် ၂၀၂၀ ပြည့်နှစ်အထိ လူဦးရေသုံးသန်းခန့်ရှိကြောင်း အစိုးရ၏အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## ဟားမားစ်က အစ္စရေးဓားစာခံသုံးဦး ထပ်မံလွှတ်ပေး

**ဂါဇာ ဖေဖော်ဝါရီ ၁၅**

ဂါဇာကမ်းမြောင်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အရ အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်က အစ္စရေးဓားစာခံသုံးဦးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ထပ်မံလွှတ်ပေးလိုက်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်းယူနစ်မြို့တွင် အမျိုးသား သုံးဦးကို လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်နှင့် အခြားသတင်းအရင်းအမြစ်များ၏ဖော်ပြချက်အရ သိရသည်။

ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က လွှတ်ပေးလိုက်သော ဓားစာခံစုစုပေါင်း ၁၉ ဦး ရှိလာပြီဖြစ်သည်။

အပြန်အလှန်အားဖြင့် အစ္စရေးကလည်း လက်ရှိအချိန်အထိ ဖမ်းဆီးထိန်းသိမ်းထားသော ပါလက်စတိုင်း ၇၆၀ ကျော်ကို ပြန်လွှတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ အစ္စရေးနှင့် ဟားမားစ်တို့အကြား ရက်သတ္တခြောက်ပတ်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မှာ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ခဲ့သည်။

ဟားမားစ်အဖွဲ့က အစ္စရေးကို သဘောတူညီချက်ချိုးဖောက်သည်ဟုစွပ်စွဲကာ ဆဋ္ဌမအကြိမ် ဓားစာခံလွှတ်ပေးမှုကို ရွှေ့ဆိုင်းမည်ဟု အစောပိုင်းတွင် ကြေညာထားသည်။

နောက်ထပ်ဓားစာခံသုံးဦး ပြန်လွှတ်ပေးပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ဆက်လက်တည်မြဲဖွယ်ရှိသည်ဟု ယုံကြည်ရသော်လည်း နှစ်ဖက်ကြားတွင် အယုံအကြည်မရှိသော သဘောထားများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**







## အမေရိကန်စီဒီစီက လုပ်သားအင်အား ဆယ်ပုံ တစ်ပုံ လျှော့ချ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၅**

ဒေါ်နယ်ထရမ့်အစိုးရ၏ စမ်းသပ်ကာလ ဝန်ထမ်းလျှော့ချရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) ရှိ ဝန်ထမ်းအားလုံး၏ ဆယ်ပုံတစ်ပုံခန့်ရှိသည့် ဝန်ထမ်း ၁၃၀၀ ခန့်ကို လျှော့ချလိုက်ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စီဒီစီခေါင်းဆောင်ပိုင်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် အသိပေးအကြောင်းကြားခဲ့ကြောင်း၊ စီဒီစီသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံ ပင်မဘတ်ဂျက်နှင့်အတူ ကူးစက်ရောဂါဖြစ်ပွားမှုများနှင့် အခြားသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အန္တရာယ်များမှ အမေရိကန်ပြည်သူလူထုကို ကာကွယ်ရန် တာဝန်ယူထားရကြောင်း သိရသည်။

ထိုကဲ့သို့ လျှော့ချမှုမပြုလုပ်မီ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်း ၂၀၀၀ ကျော်အပါအဝင် အေဂျင်စီတွင် လုပ်သားအင်အား ၁၃၀၀၀ ခန့် ရှိသည်ဟု ဆိုသည်။

ထရမ့်အစိုးရသည် ဖေဖော်ဝါရီ ၁၃ ရက်က ဖက်ဒရယ်လုပ်သားများကို အစုလိုက်အပြုံလိုက် ထုတ်ပယ်မှုကို စတင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဝန်ထမ်းစီမံခန့်ခွဲရေးရုံး အချက်အလက်များအရ လူပေါင်းသိန်းနှင့်ချီ ထိခိုက်နိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်၌ အမေရိကန်ဒေါ်လာ ၁၁ သန်းတန်ဖိုးရှိ သစ်သီးခြောက်များ တင်ပို့

**ကဘူးလ် ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်၌ လွန်ခဲ့သည့် ၁၁ လကျော်အတွင်း သစ်သီးခြောက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရရှိကြောင်း ပြည်တွင်းမီဒီယာတစ်ခုက ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။

ခို့စ်ပြည်နယ်၌ ပြီးခဲ့သည့် ၁၁ လအတွင်း သစ်သီးခြောက်တန်ချိန် ၄၅၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း ပြည်နယ်ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမှ အကြီးအကဲဖြစ်သူ နာဝါအမီယာဇိုင်၏ ပြောကြားချက်ကို ကိုးကားပြီး တိုလိုနယူးစ်က ကိုးကား ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ထင်းရှူးသီးစေ့၊ မက်မွန်သီးနှင့် အခြားသစ်သီးခြောက်၁၇ မျိုးကို အဓိကတင်ပို့သည်။

တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများသို့ အဓိကတင်ပို့ကြောင်း သိရသည်။

**ဆင်ဟွာ**



# မြန်မာတို့၏ သဒ္ဓါအဟုန်ဖြင့် မြတ်ရွှေတိဂုံတွင် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း

--- မျိုးအောင်ငွေ ---

### လေးဆူဓာတ်ပုံရွှေတိဂုံ

မြန်မာနိုင်ငံ၏ ကျက်သရေဆောင်ဖြစ်သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အချိန်ကပင် တည်ထားခဲ့သော စေတီတော်ကြီးဖြစ်ပါသည်။

မဇ္ဈိမဒေသတွင် ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး လင်းလွန်းပင်နေရာမြတ်၌ ဘုရားရှင်စံမြန်းတော်မူစဉ် ဒဂုံတိုင်း ဥက္ကလာပမြို့သား ကုန်သည်ညီနောင်ဖြစ်သည့် တဖုဿနှင့် ဘလ္လိကတို့က ဘုရားရှင်ထံ ဆွမ်းဦးဒါနပြုရာ ဘုရားရှင်က ပေးသနားတော်မူခဲ့သော ဆံတော်မြတ် ရှစ်ဆူအား စေတီတော်တွင် ထည့်သွင်းဌာပနာထားပါသည်။

ယင်းဆံတော်များနှင့်အတူ ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံမြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်တို့ကို ထည့်သွင်းဌာပနာထားပါသည်။ စေတီတော်ကြီး၏ ကြီးမားတင့်တယ်သော ကိုယ်လုံးတော်၊ မြင့်မားဝင့်ကြွားလှသည့် ဉာဏ်တော်၊ ရောင်ခြည်ဓာတ်များကွန့်မြူးနေသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ရွှေသင်္ကန်းတော်နှင့် ရွှေတောင်ကြီးပမာ အံ့မခန်းဖွယ် ပြည့်စုံလှသည့် စေတီတော်မြတ်ကြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာ့အံ့ဖွယ်၊ သာသနာ့အံ့ဖွယ်၊ လောကအံ့ဖွယ် သမိုင်းဝင်စေတီတော်မြတ်ကြီးအဖြစ် ထင်ရှားလျက်ရှိပါသည်။

### လက်ဆင့်ကမ်းသာသနာ ထိန်းသိမ်းစောင့်ရှောက်မှု

စေတီတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်ခံ့စေရန်အတွက် ရှေးယခင် မင်းဘုရင်အဆက်ဆက်တို့က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့်နည်းတူ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်အစိုးရအဆက်ဆက်က ဦးဆောင်ဦးရွက်ပြုကာ စေတီတော်မြတ်ကြီးနှင့်တကွ သာသနိကအဆောက်အအုံများကိုပါ ထိန်းသိမ်းပြုပြင် မွမ်းမံစောင့်ရှောက်လျက်ရှိပါသည်။ ထိုသို့ မွမ်းမံစောင့်ရှောက်ရာတွင် စေတီတော်ကြီးအား ရွှေရောင်အဆင်းဝင်းဝါစွာဖြင့် ကြည်ညိုသဒ္ဓါပွားနိုင်ရန် လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူခြင်းကို ငါးနှစ်လျှင်တစ်ကြိမ် ကုသိုလ်ပြုဆောင်ရွက်လျက်ရှိပါသည်။

မြန်မာတို့၏ ဂုဏ်ကျက်သရေဆောင် စေတီတော်မြတ်ကြီး ရွှေသင်္ကန်းရောင်မှေးမှိန်ခြင်း မရှိစေရန်လည်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က အစဉ်မပြတ် စောင့်ကြည့်လျက်ရှိပါသည်။

### ပူဇော်ကပ်လှူထားသော ရွှေသင်္ကန်းအမျိုးအစားများ

၂၀၁၈-၂၀၁၉ ခုနှစ်တွင် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ရာ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ရှေးယခင် စေတီတော်ကြီးတွင် ရွှေမျက်ပါးသင်္ကန်းတော်များ ကပ်လှူပူဇော်လေ့ရှိကြောင်း သိရှိရပါသည်။ သုတေသနတွေ့ရှိချက်များအရ ၁၈၉၈ ခုနှစ်မှစ၍ ရွှေပြားအစစ်များ ပြောင်းလဲကပ်လှူပူဇော်ခဲ့ကြောင်း သိရှိရပါသည်။ ယခုအခါ စေတီတော်မြတ်ကြီးတွင် ရွှေသင်္ကန်းကပ်လှူပူဇော်ရာ၌ ရွှေပြား(Gold Plate)၊ ရွှေစင်ပြား(Gold Coating)နှင့် ရွှေဆိုင်း(Gold Foil) ဟူ၍ သုံးမျိုးသုံးစားဖြင့် ကပ်လှူပူဇော်ထားပါသည်။ ရွှေပြား၊ ရွှေစင်ပြားများ ထုတ်လုပ်မှုကို ဦးစွာတင်ပြပါမည်။




ရွှေပြား(Gold Plate)မှာ ရွှေခြောက်ကျပ်သားပါဝင်သော ၁၂" x ၁၂" ရွှေပြားဖြစ်ပါသည်။ ရွှေပြား(Gold Plate)ထုတ်လုပ်သည့် လုပ်ငန်းစဉ်မှာ ရွှေတုံးရွှေခဲကို ကျိုချက်ပုံသွန်းလောင်းခြင်း၊ ပုံလောင်းပြီး ရွှေတုံးကို အထူအပါးထုရိုက်ပုံသွင်းခြင်း၊ ကြိတ်ခြင်းဖြင့် လိုအပ်သည့်အရွယ်အစားရအောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ ရွှေပြားကြိတ်စက်ရုံမှပင် ရွှေပြားကို ထုတ်လုပ်ပါသည်။ အဆိုပါရွှေပြားကို ကြေးပြားပေါ်တွင် ကော်ကပ်ပြီး စတီးစကူများအသုံးပြု၍ ကိုယ်လုံးတော်တွင် ကပ်လှူခြင်းဖြစ်ပါသည်။ အဆိုပါ ရွှေပြားသင်္ကန်းတော်မှာ လေတိုက်ခြင်း၊ မိုးရွာခြင်းနှင့် ကျေးငှက်တို့၏ ကုတ်ခြစ်မှုကြောင့်လည်းကောင်း၊ ရွှေပြားနှင့် ကြေးပြားကော်ဖြင့် တွယ်ကပ်မှုသက်တမ်းအရ ယုတ်လျော့၍လည်းကောင်း ကွာကျဆုံးရှုံးမှုများ ဖြစ်လေ့ရှိပါသည်။

ရွှေစင်ပြား(Gold Coating)မှာ ရွှေတစ်ကျပ်သားပါဝင်သော ၁၀" x ၁၀" ရွှေပြားဖြစ်ပါသည်။ ထုတ်လုပ်သည့်နည်းစဉ်မှာ ပြဒါးကိုအခြေခံသုံးစွဲပြီး ဓာတ်ပြုစေသောနည်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရွှေကို ပြဒါးဖြင့် ရွှေရည်ပြုလုပ်ပြီးနောက် အောက်ခံကြေးပြားတွင် သုတ်လိမ်းကာ မီးပေး၍ ပြဒါးပြန်လည်ထုတ်သည့် နည်းစဉ်ဖြစ်ပါသည်။ ရွှေစင်ပြား(Gold Coating)မှ ရွှေကို အလွယ်တကူခွာ/ခြစ်၍မရဘဲ တစ်ပြားလုံးဖြုတ်ယူပြီးမှ ပြန်လည်ဓာတ်ပြုမှရမည်ဖြစ်၍ ပျက်စီးဆုံးရှုံးမှု လွန်စွာနည်းပါးပါသည်။ ရွှေသားနှင့် ကြေးပြားတွယ်ကပ်မှုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ စတီးစကူများအသုံးပြု၍ ကိုယ်လုံးတော်တွင် ကပ်လှူခြင်းဖြစ်ပါသည်။ ရေရှည်ရွှေရောင်ရွှေသား ပျောက်ပျက်ခြင်းမရှိ၍ ရောင်တော်ဖွင့်ရုံနှင့် ရွှေရောင်တောက်ပလာသော ရွှေစင်ပြားဖြစ်ပါသည်။

ရွှေမျက်ပါး(Gold Foil)မှာ ၂" x ၂" အရွယ်အစားဖြစ်ပါသည်။ မြန်မာ့ရိုးရာပညာရပ်ဖြင့် ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ယခုအခါ လက်ဖြင့်ပြုလုပ်သည့် မျက်ပါးရွှေဆိုင်းသာမက စက်ဖြင့်ပြုလုပ်သည့် ပိုမိုကောင်းမွန်သော စက်ရွှေဆိုင်းများပါ အသုံးပြုနေပြီဖြစ်ပါသည်။ ယခင်ရှိပြီး ရွှေမျက်ပါးကို ရွှေချွတ်ခြင်း၊ သရိုးဟောင်းခွာခြင်း၊ သစ်စေးသုတ်ခြင်း၊ ရွှေခံရည်သုတ်ခြင်း၊ ရွှေမျက်ပါးရွှေဆိုင်းအသစ်ကပ်လှူခြင်း စသည့်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရပါသည်။ ရွှေမျက်ပါး ရွှေဆိုင်းသင်္ကန်းတော်ကပ်လှူရာတွင် ရာသီဥတုဒဏ် (မိုး၊ ရေ၊ လေ)ကြောင့် သက်တမ်း လေး/ငါးနှစ်ခန့်သာခံပြီး ရွှေရောင်များပျက်ယွင်းကာ ရွှေရောင်ရွှေသား အမြင်မတင့်တယ်ခြင်း၊ ရာသီဥတုကြောင့် လေလွင့်ဆုံးရှုံးခြင်းတို့ဖြစ်လေ့ရှိပါသည်။

### ရွှေသင်္ကန်းအမျိုးအစားအလိုက်ပူဇော်ထားမှု

စေတီတော်မြတ်ကြီးတွင် ရွှေပြား (Gold Plate)၊ ရွှေစင်ပြား (Gold Coating)၊ ရွှေမျက်ပါး (Gold Foil) တို့ကို ကိုယ်လုံးတော်တွင်ပူဇော်ထားသည့် အခြေအနေကို ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ စေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၃၂၆ ပေရှိပါသည်။ ရွှေပြား(Gold Plate)များအား စေတီတော်ကြီး၏ ငှက်ပျောဖူး၊ ခါးစည်းကြီး၊ ဖောင်းရစ်၊ သပိတ်မှောက်၊ ရင်စည်း၊ ခေါင်းလောင်းတို့တွင် ပူဇော်ထားပါသည်။ ရွှေစင်ပြား(Gold Coating)များအား ကြာမှောက်ကြာလန်၊ ပန်းဆွဲ၊ ကျည်းဝန်း၊ ပစ္စယာအဆင့် ၃၁ မှအထက် ၆၁ အထိ ကပ်လှူပူဇော်ထားပါသည်။ ရွှေမျက်ပါး(Gold Foil)မှာ အထက်ပစ္စယာအခြေမှ ပစ္စယာအဆင့် ၃၀ အထိ ကပ်လှူပူဇော်ထားပါသည်။

### ကုသိုလ်ရေးအတွက်အဆင့်ဆင့်ကြီးကြပ်မှု

ရွှေတိဂုံစေတီတော်မြတ်ကြီး ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေး အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီတစ်ခု၊ ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ထားရှိပါသည်။ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းလုပ်ငန်းတွင် ဆောင်ရွက်မည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၃၀ ရာခိုင်နှုန်းအထက် ပျက်စီးသော ရွှေပြား (Gold Plate)များကို ခြောက်ကျပ်သား ရွှေပြားများဖြင့် အစားထိုး လဲလှယ်ကပ်လှူခြင်း၊

(ခ) ၃၀ ရာခိုင်နှုန်းအောက် ချို့ယွင်းသော ရွှေပြားများ(Gold plate) နေရာ၌ ရွှေမျက်ပါး ရွှေဆိုင်းချကပ်၍ ပြန်လည်ပြုပြင်ခြင်း၊

(ဂ) မူလကပ်လှူထားခဲ့သော ရွှေစင်ပြား (Gold Coating)များကို သန့်ရှင်းရေး ပြုလုပ်၍ ရောင်တော်ဖွင့်ခြင်း၊

(ဃ) ပစ္စယာရစ်မြောင့်တွင် အဆင့် ၁ မှ ၃၀ အထိ ရွှေမျက်ပါးရွှေဆိုင်းချကပ်ထားရာတွင် ပစ္စယာအဆင့် ၂၄ မှအထက် ပစ္စယာအဆင့် ၃၀ အထိ ရွှေစင်ပြား(Gold Coating)များဖြင့် အစားထိုးလဲလှယ် ကပ်လှူခြင်း၊

(င) ထီးတော်အပေါ်ရှိ ဆည်းလည်းများကို ပြုပြင်ရောင်တော်ဖွင့်ခြင်း၊

(စ) ထီးတော်တွင် တင်လှူပူဇော်ထားသော ရတနာပစ္စည်းများ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများရှိပါက လိုအပ်သောနေရာများတွင် ရတနာပစ္စည်းများ ဖြည့်စွက်တပ်ဆင်လှူဒါန်းခြင်း၊

(ဆ) ရွှေစင်ရွှေပြား အလှူရှင်များကိုယ်တိုင် ရထားပျံပေါ်သို့ တင်လှူနိုင်ရေးအတွက် စီစဉ်ခြင်း၊

(ဇ) စေတီတော်ကြီး၏ ကိုယ်လုံးတော်ကြံ့ခိုင်မှုအား စစ်ဆေးပြီး လိုအပ်ပါက အင်္ဂတေ အမာခံများ စစ်ဆေးပြုပြင်ခြင်း၊

### ကုသိုလ်ပြုလုပ်ငန်းစဉ်အဆင့်ဆင့်

ရွှေပြား(Gold Plate) ကပ်လှူထားသော ငှက်ပျောဖူး၊ ခါးစည်းကြီး၊ ဖောင်းရစ်၊ သပိတ်မှောက်၊ ရင်စည်း၊ ခေါင်းလောင်းနေရာများရှိ ရွှေပြားများ ပျက်စီးယိုယွင်းမှုအခြေအနေကို အဖွဲ့ဖြင့်စစ်ဆေးပြီး ၃၀ ရာခိုင်နှုန်းအထက် ပျက်စီးသော ရွှေပြားများကို

စာမျက်နှာ ၁၅ သို့

❑ **ယခုဆောင်ရွက်နေသည့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းမှာ ယနေ့အချိန်အထိ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် မတ်လကုန်အထိ လှူဒါန်းသည့်ရွှေပြား၊ ရွှေစင်ပြားများအား ယခုဆောင်ရွက်နေသော လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူသည့် အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း လုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ပြီး မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၄ မှ*

အစားထိုးလဲလှယ်ရန်၊ ၃၀ ရာခိုင်နှုန်းအောက် ချို့ယွင်းသော ရွှေပြားများကို ရွှေမျက်ပါးဖြင့် ပြုပြင်ရန် မှတ်သားဆောင်ရွက်ရပါသည်။ ရွှေပြား လဲလှယ်ရာတွင် ဝက်အူ ၁၆ ခုဖောက်၍ ထက်၊ အောက်၊ ဝဲ၊ ယာရှိ ရွှေပြားများနှင့် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်ရပါသည်။

အဆိုပါလုပ်ငန်းကို ကြေးဘောင်ကြေးပြား ကပ်ခြင်းလုပ်ငန်းအဖွဲ့ဖြင့် ဆောင်ရွက်ရပါသည်။ ရွှေမျက်ပါးဖြင့်ပြုပြင်ခြင်းကို ချို့ယွင်းသည့်နေရာအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ သစ်စေးသုတ်ခြင်း၊ ကော်ပတ်တိုက်ခြင်း၊ ရွှေမျက်ပါးဖြင့် ရွှေဆိုင်းကပ်ခြင်းလုပ်ငန်းကို မျက်ပါးရွှေချသည့် အဖွဲ့ဖြင့် စနစ်တကျ ဆောင်ရွက်ရပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ရွှေပြားအချပ် ၁၂၀၀ လဲလှယ်မည်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းအောက် ချို့ယွင်းချက်ကို ပြုပြင်ရန် နေရာမှာ ရွှေပြားအချပ် ၁၈၀၀ ကျော်၌ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရွှေစင်ပြား(Gold Coating) ကပ်လျှုထားပြီး ဖြစ်သော ကိုယ်လုံးတော်ရှိ ကြာမှောက်ကြာလန်၊ ပန်းဆွဲ၊ ကျည်းဝန်းနှင့် ပစ္စယာအဆင့် ၃၁ မှ ၆၁ အထိ နေရာများရှိ ရွှေစင်ပြားများမှာ ပျက်စီးမှု မရှိသလောက်ပင်ဖြစ်ပါသည်။ ရွှေစင်ပြားများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရွှေမျက်ပါး(Gold Foil) ပူဇော်ထားသော ပစ္စယာ အဆင့် ၂၄ မှ ၃၀ အထိ အဆင့် ခုနစ်ဆင့်တွင် ရွှေမျက်ပါးအစား ရွှေစင်ပြား(Gold Coating)ဖြင့် အစားထိုးလဲလှယ် ပူဇော်သည့်လုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နိုင်ရန် ရွှေစင်ပြား အချပ် ၁၀၀၀၀ အား ကြိုတင်၍ တင်ဒါခေါ်ယူပြီး ထုတ်လုပ်ရေးဆောင်ရွက်ထားရပါသည်။ ထိုကဲ့သို့ ရွှေမျက်ပါးနေရာတွင် ရွှေစင်ပြားလဲလှယ်ခြင်းကို ပစ္စယာအဆင့် ၂၃ မှ အောက်ပစ္စယာအဆင့် ၁ အထိ ငါးနှစ်တစ်ကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်းဖြင့် လေးကြိမ်ခန့် ထပ်မံပူဇော်ဆောင်ရွက်ပြီးချိန်၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေပြား၊ ရွှေစင်ပြားအပြည့်ဖြင့် ပူဇော်ပြီးမည်ဖြစ်ပါသည်။

ရွှေမျက်ပါး(Gold Foil)အား လက်ရှိအခြေအနေတွင် ပစ္စယာအဆင့် ၁ မှ ၃၀ အထိ ကပ်လှူပူဇော်ထားပါသည်။ ယခုလုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သည့်အစီအစဉ်တွင် ပစ္စယာအဆင့် ၂၄ မှ ၃၀ အထိ ရွှေစင်ပြား (Gold Coating)ဖြင့် လဲလှယ်ပူဇော်မည်ဖြစ်ပါ၍ ရွှေမျက်ပါးအား ပစ္စယာ အဆင့် ၁ မှ ၂၃ အထိ ကပ်လှူပူဇော်မည်ဖြစ်ပါသည်။ ရွှေမျက်ပါးများမှာ ပူဇော်ပြီး လေး/ငါးနှစ်ခန့်တွင် ရာသီဥတုဒဏ်ကြောင့် အမြင်မတင့်တယ်ခြင်း၊ လေလွင့်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိ၍ ငါးနှစ်တစ်ကြိမ် ရွှေမျက်ပါးအသစ် ကပ်လှူပူဇော်လေ့ရှိပါသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ရမည့်ဧရိယာအရ ယခုနှစ်တွင် ရွှေမျက်ပါးရွှေဆိုင်း ၁၄၇၀၀ ခန့် အသုံးပြု ကပ်လှူရမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူမည့် အစီအစဉ်ကို ၂၀၂၄ ခုနှစ် မေလမှစ၍ စတင်ဆောင်ရွက်ခဲ့ပါသည်။ အချိန်ယူကြိုတင်ထုတ်လုပ်ရမည့် ရွှေစင်ပြား (Gold Coating) အချပ် ၁၀၀၀၀ ထုတ်လုပ်ရန်အတွက် ၂၀၂၄ ခုနှစ် ဇွန်လကပင် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ ၁၀ ခုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားများ ဆောင်ရွက်ပြီး အဆိုပါရက်တွင်ပင် ငြမ်းထိုးခြင်း လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတော်၏စေတနာ**

ရွှေပြား၊ ရွှေစင်ပြားများ ထုတ်လုပ်ရာတွင် လိုအပ်သည့် ရွှေစင်ရွှေတုံးအား နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်ဈေးနှုန်းဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်စဉ်ရောင်းချပေးလျက်ရှိပါသည်။ ထိုကဲ့သို့ နှစ်စဉ်ရောင်းချပေးခဲ့၍ ယခုကဲ့သို့ စုဆောင်းထုတ်လုပ်နိုင်ခြင်းဖြစ်ပြီး ရွှေပြား၊ ရွှေစင်ပြားများ၏ ဈေးနှုန်းကိုလည်း ရွှေခြောက်ကျပ်သားပါဝင်သော ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ် သိန်း ၁၅၀၊ ရွှေတစ်ကျပ်သား ပါဝင်သော ရွှေစင်ပြား(Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းသာ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

အများပြည်သူ စိတ်အားထက်သန်စွာလှူဒါန်းနိုင်ရေးနှင့် ရွှေသင်္ကန်းတော် ကုသိုလ်ရှင်များအဖြစ် သဒ္ဓါပွားများနိုင်ရေးအတွက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ရွှေပြား၊ ရွှေစင်ပြားများ တစ်ချပ်ချင်းလှူဒါန်းခြင်းအပြင် စေတီတော်ကြီးတွင် ရွှေသင်္ကန်းကပ်လှူရန်ရည်စူး၍ အလှူခံဌာနသို့ လူကိုယ်တိုင် လာရောက်လှူဒါန်းထားသော အလှူငွေများနှင့် အာရုံခံတန်ဆောင်းများ၌ ရွှေသင်္ကန်း ကပ်လှူရန်ထားရှိသော အလှူခံပုံးများမှ အများပြည်သူလှူဒါန်းသော အလှူငွေများပါ ယခုလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူသည့် အစီအစဉ်တွင် ထည့်ဝင်လှူဒါန်းလျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစ၍ ယခုလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် KBZ Pay စနစ်ဖြင့် နိုင်ငံတစ်ဝန်းမှ နည်းများမဆို ကုသိုလ်ပါဝင်၍ လှူဒါန်းနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါသည်။

**ကုသိုလ်မင်္ဂလာပြုနိုင်ရေးနှိုးဆော်ခြင်း**

ယခုဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းမှာ ယနေ့အချိန်အထိ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် မတ်လကုန်အထိ လှူဒါန်းသည့်ရွှေပြား၊ ရွှေစင်ပြားများအား ယခုဆောင်ရွက်နေသော လုံးတော်ပြည့်ရွှေသင်္ကန်းတော် ကပ်လှူသည့် အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်ပြီး မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် ရွှေသင်္ကန်းများကို တစ်ဦးချင်း၊ မိသားစုအလိုက်၊ အသင်းအဖွဲ့များအလိုက် နေ့စဉ်မပြတ် ကုသိုလ်ပြုလှူဒါန်းလျက်ရှိပါသည်။ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသော အလှူရှင်များနှင့် ပြုဆဲ၊ ပြုလတ္တံ့ ကုသိုလ်ရှင်များအတွက် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းစွာသိရှိနိုင်ပါရန်နှင့် အခွင့်ကြုံခိုက် လက်မလွတ်တမ်း ကုသိုလ်ပွားများနိုင်စေရန် နှိုးဆော်တင်ပြအပ်ပါသည်။ ။

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များဆိုင်ရာ အသိပညာပေးဟောပြော

**သထုံ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာများ အသိပညာပေး ဆွေးနွေး ဟောပြောခြင်းတို့ကို ဖေဖော်ဝါရီ ၁၄ ရက်က အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိုးပိုင်နှင့် ကွန်ပျူတာတက္ကသိုလ် (သထုံ) ပါမောက္ခချုပ် ဒေါက်တာ နီလာသိန်းတို့က အမှာစကားပြောကြားသည်။

ယင်းနောက် အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သထုံ) မှ ရဲအုပ်နိုင်ထွန်းနှင့် ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃) ဦးသူရကျော် တို့က အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ် ငါးမျိုး၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှု အမျိုးအစားများ ဖြစ်ပွားရသည့် အကြောင်းများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေနှင့် ရာဇသတ်ကြီးဥပဒေတို့အရ အရေးယူနိုင်မှုများ စသည်တို့ကိုလည်းကောင်း၊ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စုမှ ရဲမှူး တင်ကိုကိုက မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ ဆိုးကျိုးများနှင့် စွဲလမ်းစေသည့် အကြောင်းရင်းများ၊ မူးယစ်ဆေး အမျိုးအစားများ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး အန္တရာယ် ထိန်းချုပ်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းများ စသည်တို့ကိုလည်းကောင်း ဟောပြောဆွေးနွေးကာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ပန်းတနော်မြို့၌ ပန်းခင်းစီမံချက် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ပန်းတနော် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနရုံးမှ အကယ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဖေဖော်ဝါရီ ၁၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတနော်မြို့နယ် ဦးစီးမှူးရုံးမှ ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်ဝတ်ရည်ထွန်းနှင့်အဖွဲ့များက အသက် ၁၆ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့သည်။ မြို့နယ် (ပြန်/ဆက်)



## မြေပြင်စာရင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

**အမရပူရ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်၌ ဖေဖော်ဝါရီ ၁၄ ရက်က အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်း မှန်ကန်မှုရှိစေရန်အတွက် လဝက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကော်မရှင်တို့ပူးပေါင်းပြီး တစ်အိမ်တက်ဆင်း စာရင်းကောက်ယူမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အမရပူရခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်မင်းတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



စိုးသီဟ(အမရ)

## လပွတ္တာခရိုင်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**လပွတ္တာ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် လပွတ္တာမြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၅ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့် ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ခရိုင်နှင့် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ မီးဘေးလုံခြုံမှု ရှိစေရန်အတွက် ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဟိန်းထက်လင်း(ပြန်/ဆက်)



# ဂျူဒိုအားကစားနည်း ပထမအကြိမ် လူရွေးချယ်လက်ရည်စမ်းပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဂျူဒိုအားကစားနည်းဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဂျူဒိုအားကစားနည်း ပထမအကြိမ် လူရွေးချယ်လက်ရည်စမ်းပြိုင်ပွဲကို နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ယနေ့ လက်ရည်စမ်းပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသား –60 kg ပြိုင်ပွဲနှင့် အမျိုးသမီး –52 kg ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမျိုးသား–60 kg ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းက (အမျိုးသား) အလွတ်တန်းပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် က အမျိုးသမီး–52 kg ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (အမျိုးသမီး) အလွတ်တန်းပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ဂျူဒိုအားကစားသမားများအတွက် လေ့ကျင့်ရေးဝတ်စုံ ဂျူဒိုကီ ၂၈ စုံနှင့် လေ့ကျင့်ရေးတိပ် ၂၈၈ ခုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မြန်မာ့အလင်း** စာအုပ်စင်

## နိဗ္ဗာန်ဆိုတာ ဒီလိုပါလား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
စာရေးသူ အယျခေမာနန္ဒီ(ပူတာအို) ပြုစုရေးသားသည့် နိဗ္ဗာန်ဆိုတာ ဒီလိုပါလား စာအုပ်ထွက်ရှိလာပြီဖြစ်သည်။




စာအုပ်ကို နိဗ္ဗာန်အကြောင်း သဘောသဘာဝ ရှင်းရှင်းလင်းလင်းသိမြင်နိုင်ရန် အသေးစိတ်စုံလင်အောင် ရှင်းလင်းရေးဖွဲ့ထားသကဲ့သို့ သီလနှင့်ပတ်သက်ပြီး လူ့သီလ၊ ရဟန်းသီလ ကွာခြားမှုများပါ သိရှိအောင်ရေးဖွဲ့ထားသည်။ ထို့အတူ ဝိပဿနာအားထုတ်သူများအတွက် အနုလောမချုပ်ချနည်းများကို ဘုရားဟောတရားနှင့်အညီ ရှင်းလင်းဖော်ပြထားသည်။

မိမိ၏သေသည့်အချိန် မလွဲမသွေကြုံတွေ့ခံစားရမည့် ဝေဒနာတရားအပေါ်၊ ရင်ဆိုင်ဖြေရှင်းအနိုင်ယူရမည့် ဝေဒနာလိုက်နည်း၊ မြတ်စွာဘုရားရှင်၏ ယေ–စိတ္တံသံယ မေဿန္တိ–ဟူသော စိတ်ထိန်းချုပ်ပုံ၊ အိပ်ယာကို ရိပ်သာမှတ်ဟူသော စကားနှင့်အညီ ခြင်ထောင်အတွင်း ရောက်လျှင်ထိန်းချုပ်ပုံများ၊ သမာဓိ၏ အဓိကရန်သူဝိကက်၊ ဝိစာရ၊ ဝါကျများ ပယ်ဖျောက်ပုံ၊ သမာဓိ၏ အဓိကမိတ်ဆွေ သတိတရားကို သမ္မဇည်ဖြင့် ထောင်ပွားများပုံများနှင့် မြတ်စွာဘုရားရှင်၏ အယူဝါဒ၊ ခန္ဓာဝဋ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပုံ၊ ပစ္စဝေက္ခနာဖြင့် ရှင်းရှင်းလင်းလင်းသိရပုံ၊ သိရနည်းတို့ကို စုံလင်စွာဖော်ပြထားသည်။

ဘာသာရေး လိုက်စားလိုသူများအတွက် တန်ဖိုးကြီးသည့် အသိတရားများကို ပေးစွမ်းနိုင်သည့် ဤစာအုပ်ကို ဗောဓိသိုက်စာပေ၊ အမှတ် ၆၀၊ ဝေဇယန္တာလမ်း၊ ၈ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ဓမ္မဒါနအဖြစ် ဖြန့်ချိထားသည်။

မြန်မာ့အလင်း

## အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တိရစ္ဆာန်ဆေးပညာသင်ကြားရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိရစ္ဆာန်ဆေးပညာ သင်ကြားရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ညစာစားပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အဆိုပါ ရှေးဟောင်းအဆောက်အအုံကြီးတွင် ခေတ်အဆက်ဆက်တည်ရှိခဲ့သည့် အဖွဲ့အစည်းများမှ တာဝန်ထမ်းဆောင်ကြသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရာပြည့်အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

### နှစ်ပေါင်းများစွာ ထိန်းသိမ်းရမည်

ထို့နောက် ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နှစ်ပေါင်း (၁၀၀) ကြာမြင့်ခဲ့ပြီဖြစ်သည့် ရှေးဟောင်းအဆောက်အအုံကြီးမှ တိရစ္ဆာန်ဆေးပညာရပ်ကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးကို ဂုဏ်ပြုပါကြောင်း၊ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်ချုပ်ခဲ့သည့် ၁၈၇၀ ပြည့်နှစ်များမှ အစပြုရောက်ရှိလာခြင်းဟု မှတ်သားရပါကြောင်း၊ အင်္ဂလိပ်စစ်တပ်တွင်ပါလာသည့် မြင်း၊ လား များကို ကုသရန် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးကို ၁၈၇၄ ခုနှစ်တွင် ခန့်ထားခဲ့ပြီး မြန်မာနိုင်ငံမှ လူငယ်များကို လေ့ကျင့်သင်ကြားပေးကာ "Veterinary Assistant" အဖြစ် ခန့်ထားပေးခဲ့ကြောင်း အင်္ဂလိပ်အစိုးရ၏ နှစ်စဉ်အစီရင်ခံစာများတွင် ဖော်ပြပါရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ယခုနှစ် (၁၀၀) ပြည့် တိရစ္ဆာန်ဆေးပညာ သင်ကြားရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံသည် ဗြိတိသျှအုပ်ချုပ်မှုအောက်ရှိ အိန္ဒိယနိုင်ငံတွင်ရှိသည့် တိရစ္ဆာန်ဆေးပညာ အတတ်သင်ကျောင်း (၃)ခု ထဲမှ တစ်ခုဖြစ်ခဲ့ကြောင်း၊ သင်တန်းသားများကို ခေါ်ယူလေ့ကျင့်သင်ကြားပြီး သင်တန်းဆင်းများကို Veterinary Assistant များအဖြစ် ခန့်အပ်ခဲ့ပါကြောင်း၊ ၁၉၈၁ ခုနှစ်မှစတင်ပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်ကို လက်ရှိတည်နေရာဖြစ်သည့် ရေဆင်းသို့ ပြောင်းရွှေ့ပြီးသည့်နောက် အဆောက်အအုံတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိမြင်တွေ့နေရသည့် ရှေးဟောင်းအဆောက်အအုံကြီးသည် နှစ်ပေါင်း (၁၀၀)အတွင်း ခေတ်အခြေအနေအမျိုးမျိုးကို ကြုံတွေ့ကျော်ဖြတ်ခဲ့ရသော်လည်း အပျက်အစီး အနည်းဆုံးနှင့် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်နေခဲ့ခြင်းဖြစ်သည့်အတွက်လာမည့် နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့နိုင်ရန် ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးဇူးတင်လွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မလှိုင်မြို့နယ်၌ လူဦးရေစာရင်းများ မှန်ကန်ပြည့်စုံစေရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**မလှိုင် ဖေဖော်ဝါရီ ၁၅**
မလှိုင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းများတွင် လူဦးရေမှန်ကန်ပြည့်စုံစေရေး၊ မြေပြင်နေထိုင်မှု ရှိမရှိ စိစစ်ခြင်းနှင့် အိမ်ထောင်စုအမှတ်စဉ် ဖြည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မြို့ပေါ်ရပ်ကွက်များသို့ ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ အတွင်းရေးမှူး ဦးသိန်းဟန်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်စိုးမြတ်သဇင်တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



## မော်လမြိုင်မြို့နယ်၌ သံဃနာယကအဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခြင်းအခမ်းအနားကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ သံဃနာယကအဖွဲ့ဝင်များ ပြန်လည်ရွေးချယ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘယသုတာရာမကျောင်း ဆရာတော် ဘဒ္ဒန္တသာသနက သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားကာ အခမ်းအနားမှူး ဆရာတော်က အနားယူသော ဆရာတော် ၁၁ ပါး၏ ဘွဲ့အမည်စာရင်းကို ကြေညာပြီး သံဃနာယကအဖွဲ့ ပြန်လည်ရွေးချယ်နိုင်ရန်အတွက် မူလသတ်မှတ်ထားသည့် သက်ဆိုင်ရာနယ်မြေ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များက စာရင်းတင်သွင်းမည့် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်းကြကာ သဘာပတိဆရာတော်က အစားထိုးရွေးချယ် ခံရသည့် မြို့နယ်သံဃနာယကဆရာတော် ဘွဲ့အမည်စာရင်းကို ဖတ်ကြားတင်သွင်းပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ အတည်ပြုပေးခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ (၇၈) နှစ်မြောက် မွန်အမျိုးသားနေ့ ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်၏ (၇၈)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို သထုံမြို့ လိပ်အင်းရပ်ကွက် မွန်စုရပ်ရှိ သာသနာ့ရံသီမွန်ကျောင်း၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီက ဦးဆောင်၍ သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက တရားတော်များနာယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ အသက် ၈၀ နှင့်အထက် မွန်တိုင်းရင်းသား သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းတို့ကို ပြုလုပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ စသည့်တိုင်းရင်းသားများက မွန်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုကြပြီး မွန်တိုင်းရင်းသားစာပေအဖွဲ့များ၊ ယဉ်ကျေးမှု အဖွဲ့များက ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဇနိပျော့မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဇနိပျော့ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇနိပျော့မြို့နယ် ငါးဘတ်အိုင်ကျေးရွာ ရွှေအိုင်မြေခန်းမ၌ သစ်တောဦးစီးဌာနကကြီးမှူး၍ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးအောင်မျိုးမင်းက သစ်တောသယံဇာတများကို ထိန်းသိမ်းရန်၊ ရေသယံဇာတများကို ထိန်းသိမ်းရန်နှင့် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွားစေနိုင်သောဆိုးကျိုးများ၊ မီးခိုးမြူငွေ့ အမျိုးအစားများအကြောင်းနှင့် မီးခိုးမြူငွေ့အန္တရာယ်ကြောင့် အသက်ရှူလမ်းကြောင်းနှင့် နှလုံးဆိုင်ရာရောဂါများဖြစ်ပွားနိုင်ကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျက်စီးစေခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဝိုင်းဝန်းစောင့်ရှောက်ကြရေး၊ ရေသယံဇာတထိန်းသိမ်းရေးတို့ကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ဒလမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၃ ရက်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးရွှေလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော မီးဘေးဆိုင်ရာ အသိပညာများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် အရေးပေါ်မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့်ခဲ့သည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



## ပုသိမ်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**ပုသိမ် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိသိဂီသက်က လူငယ်ကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဂွမ်းအိဖြူက ပလတ်စတစ်ညစ်ညမ်းမှုများနှင့် စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဗီဒီယို ပြသခြင်းများဆောင်ရွက်ခဲ့ရာ ပုသိမ်ပညာရေးဒီဂရီကောလိပ်ရှိ သင်တန်းသား သင်တန်းသူ ၅၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က (၁၅၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် အမှတ်(၁၅၆)ရပ်ကွက်အတွင်းရှိ ကွင်းဆင်းဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များက ပေးအပ်ခြင်းနှင့် ထုတ်ပေးပြီးသည့် အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၄၇ ဦးတို့၏ ကတ်များကို ဇီဝဆိုင်ရာအချက်အလက် ကောက်ယူဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

ဖေဖော်ဝါရီ ၁၅ ရက်က ထားဝယ်မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ အသိပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ၂၂၂



ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(ဖြည့်စွက်)ငွေလုံးငွေရင်းရန်ပုံငွေ ၃၅၃ ဒသမ ၇၂ သန်းဖြင့် ခရိုင်ချင်းဆက်လမ်းမှ မြောက်မီးကုန်းကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးသူဇာလှ၊ မြို့နယ်တာဝန်ခံ ဒေါ်စုမွန်ဖွေးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



# အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး

ဒေါက်တာရဲတင့်လွင်
(ဆေးသုတေသန)

*(ဖေဖော်ဝါရီ ၁၄ ရက်မှအဆက်)*

ဖော်ပြပါ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ အနက်မှ မိမိနှစ်သက်ရာ၊ ဝါသနာပါရာ အမျိုးအစား တစ်မျိုးမျိုးကို ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။ ကိုယ်ခန္ဓာရှိကြွက်သားများ ကြီးထွားသန်မာလာမှုသည် ခန္ဓာကိုယ်ရွေ့လျား လှုပ်ရှားလုပ်ကိုင်နိုင်မှုကို အဓိက အထောက်အကူပြုပါသည်။ မူလချည့်နဲ့နေသူများအတွက် ကြွက်သားအင်အား အနည်းငယ်တိုးရုံဖြင့် အမှီအခိုကင်းစွာ လှုပ်ရှားသွားလာပြုလုပ်နိုင်ပါမည်။ ခန္ဓာကိုယ်အဆီမတိုးအောင် ထိန်းသိမ်းနိုင်သဖြင့် အဝလွန်ရောဂါ၊ ဆီးချိုရောဂါတို့ ကာကွယ်ကုသမှုအတွက် အထောက်အကူပြုပါသည်။

ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်းများမှာ ခြေတစ်ချောင်းထောက်ရပ်ခြင်း၊ ထိုင်နေရာမှ လက်ကိုင်အားပြုမသုံးဘဲ မတ်တတ်ရပ်ခြင်း၊ ဘယ်ညာ တစ်လှည့်စီ ဖနောင့်နှင့် ခြေဖျားထိပ် ထိကပ်လမ်းလျှောက်ခြင်း၊ ထိုက်ကျိုကစားခြင်း၊ ခန္ဓာကိုယ်ဟန်ချက်ထိန်းဘောလုံးပျော့များ၊ ဘုတ်ပြားများ အသုံးပြုလေ့ကျင့်ခြင်းတို့ ပါဝင်ပါသည်။ ခန္ဓာကိုယ်ဟန်ချက်ပျက်၍ လဲကျခြင်း စသော မတော်တဆထိခိုက်ဒဏ်ရာရခြင်းများကို ကာကွယ်ပေးပါသည်။

ခန္ဓာကိုယ်ပျော့ပျောင်းမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်းများမှာ ထိုက်ကျို၊ ယောဂ၊ အကြောအဆစ်များ ဆွဲဆန့်ပေးခြင်းတို့ဖြစ်ပါသည်။ ခန္ဓာကိုယ်အရိုးအဆစ်များ ပျော့ပျောင်းမှုသည် ထိခိုက်ဒဏ်ရာရမှု၊ လဲကျမှုတို့ကို ကာကွယ်တားဆီးပေးနိုင်ပါသည်။ သတိပြုရန်မှာ ပျော့ပျောင်းလွန်းက အဆစ်လွဲတတ်ပြီး တင်းလွန်းက အကြောကြွက်သားများ ပြတ်တတ်ပါသည်။

**အရွယ်ရောက်ပြီးသော လူကြီးအရွယ်ဖြစ်ပါက ပြင်းထန်မှုအတော်အသင့်ရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (ဥပမာ – တစ်နာရီ သုံးမိုင်နှုန်းလမ်းလျှောက်ခြင်း) ကို ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ (တစ်နေ့ မိနစ် ၃၀၊ ရက်သတ္တတစ်ပတ်လျှင် ငါးရက်)၊ ကြွက်သားအင်အားသန်မာမှုအတွက် ကြွက်သားအုပ်စုများစွာပါဝင်သော လေ့ကျင့်ခန်းကို ရက်သတ္တတစ်ပတ်လျှင် နှစ်ရက်နှင့်အထက်ပြုလုပ်ခြင်း (သို့မဟုတ်) ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (ဥပမာ – ရွရွပြေးခြင်း၊ တစ်နာရီ ငါးမိုင်နှုန်းနှင့်အထက်ပြေးခြင်း)ကို တစ်ပတ်လျှင် ၇၅ မိနစ် (တစ်နေ့ ၂၅ မိနစ်၊ တစ်ပတ်လျှင် သုံးရက်)၊ ကြွက်သားအင်အားသန်မာမှုအတွက် ကြွက်သားအုပ်စုများစွာပါဝင်သော လေ့ကျင့်ခန်းကို တစ်ပတ်လျှင် နှစ်ရက်နှင့်အထက် ပြုလုပ်ခြင်း (သို့မဟုတ်) ပြင်းထန်မှုအတော်အသင့်ရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (ဥပမာ – တစ်နာရီ သုံးမိုင်နှုန်းလမ်းလျှောက်ခြင်း)ကို တစ်နေ့ မိနစ် ၃၀၊ တစ်ပတ်လျှင် သုံးရက်၊ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (ဥပမာ – ရွရွပြေးခြင်း၊ တစ်နာရီ ငါးမိုင်နှုန်းနှင့်အထက်ပြေးခြင်း)ကို တစ်နေ့ ၁၅ မိနစ်၊ တစ်ပတ်လျှင် နှစ်ရက်၊ ကြွက်သားအင်အားသန်မာမှုအတွက် ကြွက်သားအုပ်စုများစွာပါဝင်သော လေ့ကျင့်ခန်းကို တစ်ပတ်လျှင် နှစ်ရက်နှင့်အထက် ပြုလုပ်နိုင်ပါသည်။ (ကြွက်သားအင်အားသန်မာမှုအတွက် လေ့ကျင့်ခန်းကို ဆောင်ရွက်ရာတွင် တစ်နေ့လျှင် နှစ်ခါ၊ တစ်ခါလျှင် ရှစ်ကြိမ်မှ ၁၂ ကြိမ်၊ တစ်ပတ်လျှင် နှစ်ရက်၊ သုံးရက်ခြား၍ ပြုလုပ်ရပါသည်)။**

> **“ သက်လုံကောင်းမှုနှင့် သက်ဆိုင်သောလေ့ကျင့်ခန်းများမှာ ပြင်ပထွက်၍ လမ်းလျှောက်ခြင်း၊ လမ်းလျှောက်စက်နှင့် လမ်းလျှောက်ခြင်း၊ ရွရွပြေးခြင်း၊ တာဝေးပြေးခြင်း၊ စက်ဘီးစီးခြင်း၊ အာဂုံမီတာစက်ဘီးနင်းခြင်း၊ ရေကူးခြင်း၊ လှေလှော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ခြင်းလုံးခတ်ကစားခြင်း၊ အေရိုးဗစ်ကစားခြင်း၊ ခြေကျင်တောင်တက် ပြုလုပ်ခြင်းတို့ဖြစ်ပါသည်။ ဖော်ပြပါကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများအနက်မှ မိမိနှစ်သက်ရာ၊ ဝါသနာပါရာ အမျိုးအစားတစ်မျိုးမျိုးကို ရွေးချယ်ဆောင်ရွက်နိုင် ”**

ကြာမြင့်ချိန်သတ်မှတ်ချက်အနေဖြင့် သက်လုံကောင်းသောလေ့ကျင့်ခန်းအတွက် ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီးမိခင်များအတွက် တစ်ပတ်လျှင် မိနစ် ၁၅၀၊ အရွယ်ရောက်ပြီး လူကြီးနှင့် သက်ကြီးရွယ်အိုများအတွက် တစ်ပတ်လျှင် မိနစ် ၁၅၀ မှ ၃၀၀၊ ကလေးလူငယ်များအတွက် တစ်နေ့လျှင် မိနစ် ၆၀ (တစ်ပတ်လုံး) သတ်မှတ်ထားပြီး ကြွက်သားသန်မာစေသော လေ့ကျင့်ခန်းကို အရွယ်ရောက်ပြီးလူကြီးအတွက် တစ်ပတ် နှစ်ကြိမ်နှင့် သက်ကြီးရွယ်အိုများအတွက် တစ်ပတ် သုံးကြိမ် သတ်မှတ်ထားပါသည်။ မည်သူမဆို လုပ်ဆောင်နိုင်ပါက တစ်ပတ်လျှင် မိနစ် ၃၀၀ အထက် ဆောင်ရွက်နိုင်ပါလျှင် ပိုကောင်းပါသည်။

လေ့ကျင့်ခန်းပြင်းထန်မှုကို ခန့်မှန်းရာတွင် လွယ်ကူရိုးရှင်း၍ လက်တွေ့ခန့်မှန်းနိုင်သောနည်းမှာ စကားပြောစမ်းသပ်မှုနည်းဖြစ်ပါသည်။ ပြင်းထန်မှုအတော်အသင့်ရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် ကိုယ်လက်လှုပ်ရှားနေစဉ် စကားကောင်းစွာပြောနိုင်သော်လည်း သီချင်းမဆိုနိုင်သော အတိုင်းအတာဖြစ်ပြီး ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် အသက်ရှူမနားဘဲ စကားလုံးအနည်းငယ်ထက်ပို၍ မပြောနိုင်သောအတိုင်းအတာဖြစ်ပါသည်။ အခြားတိကျသောနည်းမှာ နှလုံးခုန်နှုန်းဖြင့် သတ်မှတ်ခြင်းဖြစ်ပါသည်။ ၂၂၀ မှ မိမိအသက်ကို နုတ်ပါက အမြင့်ဆုံးနှလုံးခုန်နှုန်းကို ရရှိပါမည်။

ပြင်းထန်မှုအတော်အသင့်ရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် အမြင့်ဆုံးနှလုံးခုန်နှုန်း၏ ၆၀–၇၀ ရာခိုင်နှုန်းဖြစ်ပြီး ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် အမြင့်ဆုံးနှလုံးခုန်နှုန်း၏ ၇၀–၈၀ ရာခိုင်နှုန်းဖြစ်ပါသည်။ လမ်းလျှောက်စက်၊ အာဂုံမီတာစက်များတွင် ပြင်းထန်မှုအတွက် စွမ်းအင်အသုံးချမှု (ကယ်လိုရီ/မိနစ်)နှင့် ပြပါသည်။ ပြင်းထန်မှုအတော်အသင့်ရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် စွမ်းအင်အသုံးချမှု ၃ ဒသမ ၆ – ၅ ကယ်လိုရီ/မိနစ်ဖြစ်ပြီး ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် စွမ်းအင်အသုံးချမှု ၅ ဒသမ ၁ – ၇ ဒသမ ၅ ကယ်လိုရီ/မိနစ် ဖြစ်ပါသည်။

ကြွက်သားအင်အား သန်မာမှုလေ့ကျင့်ခန်းအတွက်မူ ပြင်းထန်မှုကို တစ်ကြိမ်သာ မနိုင်သော အများဆုံးအလေးချိန် (One Repetition Maximum) ၏ ရာခိုင်နှုန်းနှင့် တွက်ဆပါသည်။ ပြင်းထန်မှုအတော်အသင့်ရှိသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် တစ်ကြိမ်သာ မနိုင်သောအများဆုံးအလေးချိန်၏ ၅၀ – ၆၉ ရာခိုင်နှုန်းဖြစ်ပြီး ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် တစ်ကြိမ်သာ မနိုင်သော အများဆုံးအလေးချိန်၏ ၇၀ – ၈၄ ရာခိုင်နှုန်းဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို မကူးစက်နိုင်သော နာတာရှည်ရောဂါရှိသူများတွင် အခြားလိုအပ်သော ကုသမှုများပေးနေစဉ်တွင်ပင် ထည့်သွင်းလုပ်ဆောင်နိုင်ပါသည်။ ရောဂါကုသရာတွင် အထောက်အကူရပါသည်။ ဦးစွာ လူနာ၏ လက်ရှိ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုအနေအထားကို အကဲဖြတ်ဆန်းစစ်ရန် လိုပါသည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရန် လမ်းညွှန်ရာတွင် အကျိုးကျေးဇူး အပြည့်အဝရရှိရန် ပေးရမည့် လေ့ကျင့်ခန်းအမျိုးအစား၊ ပြင်းထန်မှု၊ အချိန်၊ အကြိမ်တို့ကို အခြေခံထားစဉ်းစားရပါမည်။ ရောဂါအမျိုးအစားတစ်ခုချင်းအတွက် လုပ်ဆောင်ရမည့် သတ်မှတ်ထားသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဟူ၍ သီးသန့်မရှိပါ။ လက်ရှိလူနာ၏ ကျန်းမာရေး အခြေအနေ၊ ရောဂါအတိုင်းအတာ၊ ကုသထားသောအနေအထား၊ ပေးထားသော ဆေးဝါးနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှုအခြေအနေတို့ကို လူနာတစ်ဦးချင်းအလိုက် ပြည့်စုံစွာ ထည့်သွင်းစဉ်းစားရပါမည်။

ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝနေထိုင်မှုတိုးတက်လာစေရန် ဆရာဝန်များနှင့် ကျန်းမာရေး စောင့်ရှောက်သူများအနေဖြင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်အဆင့် သုံးဆင့်ရှိပါသည်။ အဆင့် (၁) ဆရာဝန်နှင့် ကျန်းမာရေးစောင့်ရှောက်သူများသည် မိမိနှင့်တွေ့ဆုံရန် လာရောက်သူများ၊ လူနာများအားလုံးကို ၎င်း၏ ပြုလုပ်လျက်ရှိသော ကိုယ်လက်လှုပ်ရှားမှု အတိုင်းအတာပမာဏကို အကဲဖြတ်ရန်လိုအပ်ပါသည်။ အကဲဖြတ်ရန် မေးခွန်းနှစ်ခုမေးပါမည်။ (၁) ပျမ်းမျှအားဖြင့် ပြင်းထန်မှုအတော်အသင့်မှ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို တစ်ပတ်လျှင် ရက်ပေါင်းမည်မျှ လုပ်ပါသလဲ။ (၂) ပျမ်းမျှအားဖြင့် ဖော်ပြပါ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို တစ်ရက်လျှင် မိနစ်မည်မျှလုပ်ပါသလဲ။ (၃) ၁ နှင့် ၂ ကို မြှောက်ပါက တစ်ပတ်အတွင်း လုပ်ဆောင်သော မိနစ်ပေါင်းရရှိပါမည်။ အဖြေထုတ်ခြင်း ဥပမာ–တစ်ပတ်လျှင် ပြင်းထန်မှုအသင့်အတင့်ရှိသော ကိုယ်လက်လှုပ်ရှားမှုကို မိနစ် ၁၅၀ မလုပ်ဖြစ်ပါက ထိုသူသည် ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူ စာရင်းဝင်ပါမည်။

အဆင့် (၂) – ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်ရန် လမ်းညွှန်ပေးခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သော ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကို လမ်းညွှန်ပေးရာတွင် ရိုးရှင်းလွယ်ကူပြီး အလွယ်တကူဆောင်ရွက်နိုင်မည့်အမျိုးအစားများကို မှန်ကန်သော အတိုင်းအတာ (ပြင်းထန်မှု၊ အချိန်၊ အကြိမ်) တို့ဖြင့် လမ်းညွှန်ပေးရပါမည်။ ဆောင်ရွက်နိုင်သည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း အမျိုးအစားများကို YouTube၊ TV အစီအစဉ်များနှင့် ကျန်းမာကြံ့ခိုင်မှုအကများ ဥပမာ– ဇွန်ဘာ (Zumba)၊ မြန်မာ့ကြံ့ခိုင်မှုအက (Myanmar Fitness Dance) တို့မှ အလွယ်တကူ ရွေးချယ်လမ်းညွှန်နိုင်ပါသည်။

အရေးကြီးသည့်အချက်မှာ မိမိလမ်းညွှန်မှုပေးမည့်သူအတွက် လိုအပ်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းအမျိုးအစား၊ ပြင်းထန်မှု၊ အကြိမ်၊ အချိန်တို့ကို အဓိကထား စဉ်းစားပေးရပါမည်။ ထို့အပြင် လူနာ၏ လက်ရှိကျန်းမာရေးအခြေအနေ၊ ရောဂါအတိုင်းအတာ၊ ကုသပေးနေသောအဆင့်၊ ပေးထားသောဆေးဝါးများ၊ လူနာ၏ခန္ဓာကိုယ်ကြံ့ခိုင်မှု ခံနိုင်ရည်တို့ကို တစ်ဦးချင်းအလိုက် ထည့်သွင်းစဉ်းစားရပါမည်။ လေ့ကျင့်ခန်းစတင်ရာတွင် လုပ်ဆောင်ရမည့်ပမာဏကို နည်းနည်းဖြင့်စတင်၍ လိုအပ်သောအတိုင်းအတာပမာဏသို့ တဖြည်းဖြည်းချင်းသာ တိုးမြှင့်ဆောင်ရွက်စေရပါမည်။

အဆင့် (၃) – ဆရာဝန်များက လူနာများကို ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း စနစ်တကျ မှန်ကန်စွာပြုလုပ်နိုင်ရန် လွှဲပို့ခြင်း၊ ယင်းအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို စနစ်တကျ လေ့ကျင့်ပေးနိုင်သော ပညာရှင်များ ပြုစုပျိုးထောင်ခြင်းအစီအစဉ်နှင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်သော အခြေအနေ၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးဆောင်ရွက်ခြင်းများအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**နိဂုံးအားဖြင့် တင်ပြလိုသည်မှာ –**

**(က) တီဗွီကြည့်ခြင်း၊ ကွန်ပျူတာဂိမ်းကစားခြင်း၊ ကွန်ပျူတာနှင့် ဖုန်းစသည်တို့ အချိန်ကြာမြင့်စွာ အသုံးပြုခြင်း (Screen Time) ကို လျှော့ရပါမည်။**

**(ခ) ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ အထိုင်များသော လူ့ဘဝနေထိုင်မှုပုံစံတို့သည် မည်သည့်အသက်အရွယ်၊ ကျန်းမာရေးအခြေအနေတွင် မဆိုဆိုးကျိုးများသာ ရရှိမည်ဖြစ်ပါသည်။**

**(ဂ) ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းထက် ခန္ဓာကိုယ်လှုပ်ရှားမှုရှိခြင်းက ကျန်းမာရေးအတွက် အကျိုးရှိပါသည်။ သို့အတွက် လမ်းလျှောက်နိုင်သော ခရီးအကွာအဝေးကို လမ်းလျှောက်သွားပါ။ ဓာတ်လှေကားသုံးမည့်အစား လှေကားကို တက်ပါ၊ တယ်လီဖုန်းကို လမ်းလျှောက်ရင်းပြောပါ။ တီဗွီကြည့်နေစဉ် ကြော်ငြာဝင်ချိန်၊ ကွန်ပျူတာအသုံးပြုစဉ် မိနစ် ၂၀၊ ၃၀ တစ်ခါ ကိုယ်လက်လှုပ်ရှားမှု အနည်းငယ်လုပ်ပါ။ အိမ်အမှိုက်လှည်းခြင်း၊ သစ်ပင်ပန်းပင် ရေလောင်းပြုပြင်ခြင်း စသည့် အိမ်အလုပ်များဆောင်ရွက်ပါ။**

**(ဃ) ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို ပို၍ပို၍ လုပ်ဆောင်နိုင်သည်နှင့်အမျှ ပို၍ပို၍ အကျိုးရရှိနိုင်ပါသည်။**

ရောဂါရှိခြင်းနှင့် အသက်အရွယ်ကြီးလာခြင်းသည် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းအတွက် အဟန့်အတားမဟုတ်ပါ။ သွေးတိုး၊ ဆီးချို

*စာမျက်နှာ ၁၉ သို့*

# တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသ သက်တော်(၉၀)၊ သိက္ခာတော်(၇၀)ဝါရှိ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်(၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသ သက်တော်(၉၀)၊ သိက္ခာတော်(၇၀)ဝါရှိ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာ အခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို သဗ္ဗေသင်္ခါရာ အနိစ္စာတိအစရှိသော (၃)ဂါထာကို ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ၊ ဟင်္သာတမြို့နယ် မိုးကောင်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုမင်္ဂလာစာရ မဟာထေရ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီး ဘဒ္ဒန္တပညိဿရာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တပည့်များက စိန်ကတ္တီပါလွှမ်းခြုံပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ၊ ဆရာတော်ကြီး ဘဒ္ဒန္တပညိဿရာဘိဝံသ၏ထေရုပ္ပတ္တိအကျဉ်းကို လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တခေမိန္ဒက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာနနာယက ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်က သံဝေဂဓမ္မကထာဟောကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် ပရိသတ်များက အနိစ္စာဝတသင်္ခါရ အစရှိသော သံဝေဂဂါထာတို့ကို ရွတ်ဆိုပွားများပြီး ကရဝိက်ဖောင်နတ်ပန်းရထားပေါ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ကရဝိက်ဖောင်နတ်ပန်းရထားယာဉ်ဖြင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို စကားဝါလမ်းနှင့် ဆေးရုံလမ်းထောင့်ရှိ လောင်တိုက်တော်နေရာသို့ ပင့်ဆောင်ပြီး ဆရာတော်သံဃာတော်များက ဟန္ဒဒါနိဘိက္ခဝေ အစရှိသော ပစ္ဆိမဗုဒ္ဓဝစနကို ရွတ်ဆိုပူဇော်ကြပြီး တပည့်ကြီး သုံးပါးတို့က စက်ခလုတ်နှိပ်၍ အန္တိမအဂ္ဂိဈာပန မီးပူဇော်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မကွေး ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခ ဦးလှအောင် ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အမှာစကား ပြောကြားသည်။

ထို့နောက် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(နေပြည်တော်)သို့ ပေးပို့တင်ပြမည့် Easy Laws ပုံစံဖြင့် အသိပညာပေးမည့် ပိုစတာ ၁၀ ခုနှင့်စပ်လျဉ်း၍ ပြုစုသည့် ဥပဒေအရာရှိအဖွဲ့များကရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အဖွဲ့ဝင်များက ပိုစတာ ၁၀ ခုနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး မကွေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်အတည်ပြုနိုင်ရန်အတွက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**

# မဟာအောင်မြေမြို့နယ်၌ မီးလုံခြုံရေး အသိပညာပေးဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ် မီးသတ်ဦးစီးမှူးများ၊



ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျှက်မော်အနောက်ရပ်ကွက်၊ အုတ်ကျင်းရပ်၊ အကွက်အမှတ်(405-A)အတွင်းရှိ အိမ်ခြေ ၆၀၀၊ အိမ်ထောင်စု ၆၅၀၊ လူဦးရေ ၁၈၀၀ ၏ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျရှိစေရေး၊ လူနေအိမ်များတွင် တရားမဝင် လောင်စာဆီများ သိုလှောင်မှုမရှိရေး၊ နေအိမ်ခြံဝင်းများအတွင်း လောင်စာအမှိုက်များ စုပုံထားမှုမရှိရေး၊ အရေးပေါ်ရေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး၍အသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂



# ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင်သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ်လမ်းမှားမရောက်ရှိစေရေး တရားဝင်သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာနိုင်ရေး အသိပညာပေးဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူများအား ဆင့်ခေါ်ခြင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ စေလွှတ်ခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးကောက်ခံခြင်း၊ ရယူခြင်းများ ပြုလုပ်သဖြင့် မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ(ပြန်/ဆက်)**

*စာမျက်နှာ ၁၈ မှ*

နှလုံးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ကင်ဆာရောဂါရှိသူများပင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို သက်ဆိုင်ရာဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ရောဂါကုသရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း လုပ်ငန်းများအတွက် ဆေးဝါးမပါ၊ အကုန်အကျသက်သာပြီး မိမိကိုယ်တိုင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းဖြစ်ပါသည်။

တန်ဆေးလွန်ဘေးဟူသော စကားကိုလည်း အမြဲသတိထားပါ။ မိမိ၏ ကျန်းမာရေးအခြေအနေ ကြံ့ခိုင်မှုတို့ထက် ပြုလုပ်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြင်းထန်လွန်းပါက ဆိုးကျိုးရတတ်ပါသည်။

မလှုပ်ရှားလျှင် ရောဂါဝင်
နေ့စဉ်လှုပ်ရှား အကျိုးများ
ဆေးဝါးမည်ထိုက်၊ Exercise
တစိုက်မတ်မတ်၊ လုပ်ဆောင်အပ်။ ။

**(ကိုးကား- "၂၂-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပသော (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့်အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန်ဆောင်ရွက်ခြင်း" ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲမှ "အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ လေ့ကျင့်ခန်းသည်ဆေးဖြစ်သည်")**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ် မိုးကောင်းကျေးရွာ ကြေးနီချောင်းတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Canda 125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၆၇၂၀၀)ကိုလည်းကောင်း၊ ဖေဖော်ဝါရီ၁၄ရက်တွင်အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၁၀)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၈၃၇၈)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၆၀၇၅၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ အဝေးပြေးကားကြီးကွင်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၇၇၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၄ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၉၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၁၉၉၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ် မင်္ဂလာလမ်း အမှတ်(၁၃)ရပ်ကွက် အမှတ်(၁၂၃)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၅၀၈၈၈)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ - ၂ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၀၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၀၅ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၀၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၀၃၅ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၀၅ | ၃၇၇၀ |
| HSD (10 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | - | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၀၅ | ၃၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၆ | ၃၀၈၀ |
| 95 Ron | ၃၀၄၁ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၁၈၆ | ၃၂၈၀ |
| HSD (10 ppm) | ၃၁၈၆ | ၃၂၈၀ |

မှတ်ချက်။

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ကျိုင်းတုံမြို့နယ်၌ ဘိန်းခင်းများဖျက်ဆီး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စုအတွင်းရှိ သီးပွင့်ဆဲဘိန်းခင်း သုံးဧကကျော်ကို ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယနေ့ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းလွင် ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု တုံဝါကျေးရွာ၏ မြောက်ဘက် ခုနစ်ဖာလုံခန့်အကွာတွင် သီးပွင့်ဆဲဘိန်းခင်း သုံးဧကကျော်ကို ဖျက်ဆီးခဲ့သည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက်များရေးဆွဲ၍ ဘိန်းစိုက်ပျိုးခြင်းရပ်တန့်ကာ အခြားစီးပွားဖြစ် သီးနှံများစိုက်ပျိုးရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈) ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅** မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှု စွမ်းအားကိုဖြစ်စေသောမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈) ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်(က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ဆိုလာအသုံးပြု၍ စက်ရေတွင်း ၁၃ တွင်းဖြင့် ရေပေးဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၄ ရက်က ယာဉ်မတော်တဆမှုကြောင့် နေပြည်တော် ခုတင်-၁၀၀၀ အထူးကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် လယ်ဝေးမြို့ အထက(၆) သာဝတ္ထိမှ ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့ကို သွားရောက်အားပေးစကား ပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် လယ်ဝေးမြို့နယ်အတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင် စက်ရေတွင်းတူးဖော်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာအနီး ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင် စက်ရေတွင်း တူးဖော်မည့်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ လယ်ဝေးမြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)က ဆိုလာအသုံးပြု၍ စက်ရေတွင်း ၁၃ တွင်းဖြင့် စိုက်ပျိုးဧက ၁၇၀ ကို ရေပေးလျက်ရှိကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**



# အခြေခံပညာကျောင်းများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၁၅** ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများ မီးဘေးအန္တရာယ်ကင်းဝေးပြီး မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အဖွဲ့က ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ အထက(ကြို့ပင်ကောက်)၊ အထက(ပန်းတင်)၊ အထက (ဘုရင့်နောင်)ကျောင်းတို့တွင် မီးသတ်ဆေးဘူးများ အသင့်ထားရှိနိုင်ရေး၊ လျှပ်စစ်သုံးစွဲရာတွင် ကောင်းမွန်သောဝိုင်ယာကြိုးများ တပ်ဆင်အသုံးပြုနိုင်ရေး၊ မီးလောင်လွယ်သောအမှိုက်များအား ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ ရေလှောင်ကန်များ ရေအပြည့်ထားရှိနိုင်ရေး၊ မီးသတ်ကားများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေးအတွက် ပြင်ဆင်ထားရန်တို့ကို ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား အသိပညာပေးရှင်းလင်း ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘရိုက်တန်က တိုက်စစ်ခြေစွမ်းပြကာ ချယ်ဆီးကို ဂိုးပြတ်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂၅) မှ ဘရိုက်တန်နှင့် ချယ်ဆီးအသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဘရိုက်တန်အသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ်အနိုင်ရရှိပြီး အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ခဲ့သည်။

ဘရိုက်တန်အသင်းသည် ဖေဖော်ဝါရီ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင်လည်း ချယ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ကာ နောက်တစ်ဆင့် တက်လှမ်းထားနိုင်သည်။

ချယ်ဆီးအသင်းက အက်ဖ်အေဖလားပြိုင်ပွဲ ရှုံးနိမ့်မှုကို ချေဖျက်ကာ နိုင်ပွဲရရေး ခြေကုန်ထုတ်လာသော်လည်း မာဒူကီ၊ ပဲလ်မာ၊ နီတို၊ အင်ခွန်ကူတို့ ဦးဆောင်ပွဲထွက်လာသည့်အသင်းတိုက်စစ်က ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိသည့်အတွက် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းသည် ချယ်ဆီးအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေး ငါးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း တစ်ကြိမ်သာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး လေးကြိမ်အထိ လွဲချော်ခဲ့သည်။ ဘရိုက်တန်အသင်းအတွက် သွင်းဂိုးများကို မိတိုမာနှင့် မင်တားတို့က သွင်းယူပေးခဲ့သည်။

**အောင်ဖော်**




ချယ်ဆီးကစားသမား ဆန်ချို၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဘရိုက်တန်ကစားသမား မင်တား ဖျက်ထုတ်ဟန့်တားစဉ်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃)၊ ဦးပိုင်အမှတ် ၁၁၅-C (ခဲစင်း)၊ ပွဲ့ပါမင်းကျောင်းလမ်းနှင့် မေဃဝန်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်တင်ဝင်း ၅/စကန(နိုင်)၀၁၈၆၇၇၏ (SP ရရှိသူ ဦးဉာဏ်မျိုးထက်)က အမှုတွဲအမှတ် (၆၅၆၇/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်၁၁၅-C(ခဲစင်း)၊ ပွဲ့ပါမင်းကျောင်းလမ်းနှင့် မေဃဝန်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်တင်ဝင်း ၅/စကန(နိုင်) ၀၁၈၆၇၇၏(SPရရှိသူ ဦးဉာဏ်မျိုးထက်)က အမှုတွဲအမှတ်(၆၅၆၈/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးစိုးမိုးအောင် (၁၁/စတန(နိုင်)၀၆၈၄၄၀) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာမြဇင်ရွှေ (၁၂/မရက(နိုင်) ၁၄၃၃၅၇) တို့သည်(၁၁-၆-၂၀၂၄)ရက်မှစ၍ လင်ခန်းမယားခန်းပြတ်စဲခဲ့ကြပြီး (၂၃-၁၂-၂၀၂၄)ရက်က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဦးစိုးမိုးအောင်နှင့် ဒေါက်တာမြဇင်ရွှေတို့မှာ တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုးမိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးစန္ဒာ( LL.B , LLM ) အထက်တန်းရှေ့နေ (စဉ် - ၅၅၄၂၅)**
**အမှတ်-(၁၀၂၅)၊ ဝဇီရာ(၇)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၃၁၇၇၃၈၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ အမှတ် ၄၆၊ UFC Tower(A) တွင် တည်ထောင်ဖွင့်လှစ်ထားသည့် CB Bank PCL (ရုံးချုပ်)(ယခင်သမဝါယမဘဏ်လီမိတက်)၏ ဒါရိုက်တာ အဖွဲ့အစည်း အဝေးဆုံးဖြတ်ချက်အရ လွှဲအပ်တာဝန်ပေးခြင်းခံရသူ ဒေါ်သိမ့်သိမ့်(အကြီးတန်းဒုတိယအထွေထွေ မန်နေဂျာ)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၁။ ဦးနေမျိုးနိုင်(၁/မညန(နိုင်)၀၂၈၃၆၆) နှင့် ဒေါ်ဌေးဌေးဝင်း(၁/ကမန(နိုင်)၀၀၀၀၆၅)တို့ဇနီးမောင်နှံက ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၆-B)(၄ လွှာ)ရှိ(ဝဲ+ယာ) တိုက်ခန်း (၂)ခန်းနှင့် ယင်းတိုက်ခန်းများနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရာတွင် CB Bank PCL ထံတွင် Hire Purchase စနစ်ဖြင့် ချေးငွေကျပ်သိန်း(၁၃၈၀)(ကျပ်သိန်းတစ်ထောင့်သုံးရာ့ရှစ်ဆယ်တိတိ)ရယူ၍ ဝယ်ယူခဲ့ခြင်းဖြစ်ပါ သည်။

၂။ လူကြီးမင်းတို့က ဖော်ပြပါတိုက်ခန်း(၂)ခန်းအား CB Bank PCL တွင် လစဉ်အရစ်ကျငွေပေးဆပ်ခြင်း စနစ်ဖြင့် ဝယ်ယူခဲ့သော်လည်း လူကြီးမင်းတို့သည် အဆိုပါဘဏ်ချေးငွေကို ဆက်လက်ရယူလိုခြင်းမရှိတော့သည့်အတွက် အထက်အပိုဒ်(၁)ပါ တိုက်ခန်း(၂)ခန်းကို CB Bank PCL သို့(၁၈-၃-၂၀၂၂)ရက်တွင် လက်ရောက် ပေးအပ်ခဲ့သဖြင့် CB Bank PCL က ယင်းတိုက်ခန်း(၂)ခန်းကို လက်ရောက်ရရှိခဲ့ပါသည်။

၃။ သို့သော် လူကြီးမင်းတို့သည် အထက်အပိုဒ်(၁)ပါတိုက်ခန်း(၂)ခန်းကို CB Bank PCL သို့ လက်ထိလက်ရောက် ပေးအပ်ခဲ့ပါသော်လည်း ထိုတိုက်ခန်းများအတွင်းရှိ လူကြီးမင်းတို့၏ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ယနေ့တိုင်ဖယ်ရှားပေးခြင်းမပြုခဲ့ပါ။

၄။ သို့ပါ၍ လူကြီးမင်းတို့က CB Bank PCL ထံမှ ချေးငွေဆက်လက်ရယူလိုခြင်းမရှိသည့်အတွက် လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့သည့် အထက်အပိုဒ်(၁)တွင်ဖော်ပြထားသောတိုက်ခန်း(၂)ခန်းအတွင်းမှ လူကြီးမင်းတို့ပိုင် ရွှေ့ပြောင်း နိုင်သောပစ္စည်းများကို ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့အနေဖြင့် ဤအသိပေးအကြောင်းကြားစာအပေါ် လိုက်နာခြင်းမရှိဘဲ တိုက်ခန်း အတွင်းရှိ ပစ္စည်းများကို ဖယ်ရှားရှင်းလင်းခြင်းမပြုပါလျှင် လူကြီးမင်းတို့ထံ ထပ်မံအကြောင်းကြားတော့မည် မဟုတ်ဘဲ ယင်းပစ္စည်းများဖယ်ရှားနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းသိစေ အပ်ပါသည်။

**CB Bank PCL ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ်(၈၃/၁၀)(ဒုတိယထပ်)၊ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၂၆၉၈၇၂၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊လမ်းသစ်ရိပ်သာတိုက်အမှတ်(၁)၊ အခန်း(၁၈)နေ ဦးဇော်လင်းရှိန်း (ဘ)ဦးသောင်းရှိန်း (ခ) ဦးမိုးသူရှိန်း ၁၂/လမတ(နိုင်)၀၀၀၉၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

